# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 16 December 2022 ၁၀၉၅၁


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု(၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစဉ်။

## ယနေ့ဖတ်စရာ


ဂျပန်နိုင်ငံမြို့တော် တိုကျိုဌ် ၂၀၂၅ ခုနှစ်မှစပြီး လူနေအိမ်အသစ်များတွင် ဆိုလာပြားများ မဖြစ်မနေ တပ်ဆင်ရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်း
စာမျက်နှာ » ၁၃



အတွေးများ၊ အယူများပြီဆိုမှဖြင့်
ဆောင်းပါး
စာမျက်နှာ » ၁၇

ဆရာအောင်လင်း၏ အခန်းဆက်ဝတ္ထုရှည်
စာမျက်နှာ » ၂၀



ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဆွေးနွေးအဖြေရှာ အောင်မြင်မှုရယူ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ စုပေါင်းလက်တွဲနေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးတို့၏ နှစ်ပေါင်းထောင်ချီတည်ရှိခဲ့သော ကိုယ်ပိုင်ရိုးရာအမွေအနှစ်များ၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုအနုပညာမှာ နှစ်လိုဖွယ်ရာဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကြသည်။ တိုင်းရင်းသားလူမျိုးများသည် ချစ်ခင်ရင်းနှီးစွာနေထိုင်လာခဲ့ကြသော်လည်း နယ်ချဲ့လက်အောက်သို့ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် အချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းပြီး လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်။

လွတ်လပ်ရေးနှင့်အတူဖြစ်ပေါ်လာသော လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင် မငြိမ်းအေးနိုင်သေးဘဲရှိနေသည်။ တိုင်းရင်းသားဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများရှိနေသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးခဲ့ရသည်။ ဒေသခံတိုင်းရင်းသားများမှာလည်း ပဋိပက္ခများကြားတွင် ဒုက္ခအခက်အခဲရောက်ခဲ့ကြသည်။ ပဋိပက္ခများမှာ အချိန်ကာလကြာမြင့်လာပြီဖြစ်၍ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသောစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မိမိဒေသအကျိုး၊ မိမိတို့၏ တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကိုရှေးရှု၍ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းတည်ဆောက်ကြရမည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အရေးပါသောနှစ်များဖြစ်သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဖြစ်သည်။ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်သည်။ ထူးကဲသော စိန်ရတုလွတ်လပ်ရေးနေ့၊ စိန်ရတုပြည်ထောင်စုနေ့ ကျရောက်သော အခါသမယတွင် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့ အကျိုးစီးပွားဖြစ်စေမည့် ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ထောင်စု၏အသီးအပွင့်များ၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး ရရှိခံစားနိုင်ရေးအတွက် ငြိမ်းချမ်းရေးကို တည်ဆောက်ရမည်ဖြစ်သည်။

ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းထားပြီး သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ၊ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများဖြင့် မပြတ်ထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလမ်းကြောင်း ဖြောင့်တန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်နယ်အဆင့် နှစ်ဖက်သဘောထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်မှန်းထားသည့် အေးချမ်းသာယာဝပြောသောပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ဆွေးနွေးအဖြေရှာခြင်းသည်သာ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလသည် ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်သည်မှာ၊ လွတ်လပ်ရေးရရှိပြီးသည်မှာ (၇၅)နှစ်မြောက် စိန်ရတုကာလသို့ရောက်ရှိလာပြီဖြစ်သည်။ ထူးကဲသည့် စိန်ရတုကာလတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို အားလုံးဝိုင်းဝန်းပါဝင်တည်ဆောက်မှ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးရာရောက်ပေမည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်လာရေး၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို အညီအမျှခံစားနိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ မိမိဒေသအကျိုး၊ ပြည်ထောင်စုအကျိုးကို သယ်ပိုးထမ်းဆောင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ဗဟန်းမြို့နယ်၌(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် ဇီဝိတ ဒါနသံဃာ့ဆေးရုံ၌ လှူဒါန်းကြသည်။

သွေးလှူဒါန်းရာတွင် ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းခွဲနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များမှ အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၁၄ ဦးလှူဒါန်းကြသည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမျိုးခိုင်၊ အဖွဲ့ဝင်(၂) ဦးစိန်မြင့်၊ အဖွဲ့ဝင် (၃) ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ရဲမှူးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးအိတ်အရေအတွက် စုစုပေါင်း ၅၂ အိတ်ကိုလှူဒါန်းရာ အမျိုးသားသွေးလှူဘဏ်မှ ဒေါက်တာသက်နိုင်ဝင်းက လက်ခံရယူပြီး တာဝန်ရှိသူများအား ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၂ | ၁၈ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၃၉၂ | ၁,၂၇၄,၀၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၁၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၅.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၂.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၀.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနား နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆက်လက်ပါဝင်ဆောင်ရွက်

☆ ရွှေဖုံးမှ

မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ပေးအပ်စဉ်။

## ပျံသန်းအလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အခမ်းအနားစတင်ရန် ခွင့်ပြုချက်တောင်းခံပြီး (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့၍ ရှုရပ်မဏ္ဍပ်၏ ရှေ့တူရူမှ ပျံသန်းဝင်ရောက်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပျံသန်းအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တပ်မတော်(လေ)၏ စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ယနေ့တွင် တပ်မတော်(လေ)အတွက် အားသစ်လောင်းမည့် လေယာဉ်/ရဟတ်ယာဉ်အသစ်များကို တစ်ပါတည်း တပ်တော်ဝင်ပေးသွားမည်ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက်စိန်ရတု နှစ်ပတ်လည်နေ့ဆိုသည်မှာ ကြုံတောင့်ကြုံခဲ ဂုဏ်ယူစရာ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် အခမ်းအနားကို ကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ၇၅ နှစ်တာကာလအတွင်း တပ်မတော်(လေ)ကို ဦးဆောင်ခဲ့ကြသည့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ တပ်မတော်(လေ)တွင် ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် အငြိမ်းစားစစ်မှုထမ်းအားလုံး ကိုယ်စိတ်နှလုံးသုံးပါးလုံး ချမ်းမြေ့သာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူများနှင့် လက်တွဲပြီး အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့အစဉ်အလာကြီးမားသည့် ပြည်ထောင်စုတပ်မတော်ဆိုသည်မှာ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) ဟူသည့် ညီနောင်တပ်ဖွဲ့ သုံးခု ညီညွတ်စွာပေါင်းစုတည်ထောင်ထားသည့် နိုင်ငံလက်ရုံးအဖွဲ့အစည်းမျိုးကိုသာ ခေါ်ဆိုရမည့် အမည်နာမဖြစ်သည်ကို ဦးစွာ ပြောကြားလိုကြောင်း။

တပ်မတော်(လေ) ဖြစ်တည်လာပုံနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လေကြောင်းပျံသန်းမှု ပညာရပ်သည် မြန်မာနိုင်ငံကို ဒုတိယကမ္ဘာစစ်မတိုင်မီ နယ်ချဲ့လက်အောက်ရှိနေစဉ်ကပင် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းက လေတပ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တပ်ဖွဲ့တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီး လေတပ်ဖွဲ့စည်းနိုင်ရေး ခြေလှမ်းတစ်ရပ်အဖြစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တပ်မတော်(လေ)အက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် တပ်မတော်(လေ)ကို စတင်သန္ဓေတည် မွေးဖွားလာခဲ့ကြောင်း၊ တပ်မတော်(လေ) စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစပြီး ပြည်တွင်းသောင်းကျန်းမှုများ တိုင်းပြည်အနှံ့ပေါ်ပေါက်လာခဲ့သည့်အတွက် စီမံခန့်ခွဲမှု၊ လေ့ကျင့်မှုနှင့် ဖွဲ့စည်းမှုများပြုလုပ်နေဆဲ၌ပင် တိုက်ခိုက်ရေးတာဝန်များကို မဖြစ်မနေ ထမ်းဆောင်ရန် ဖြစ်လာခဲ့ရကြောင်း၊ Burma Air Force – BAF မှ Myanmar Air Force – MAF အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် အမည်ပြောင်းလဲခဲ့ကြောင်း၊ ယခု စိန်ရတုကာလပြည့်မြောက်သည့်နှစ်၌ စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံးတိုက်လေယာဉ်များ ရရှိပိုင်ဆိုင်လာခြင်းဖြင့် တပ်မတော်(လေ)အတွက် ထူးခြားသည့် အားအင်သစ်များ ဆောင်ကြဉ်းပေးလာခြင်းပင်ဖြစ်ကြောင်း။

စက်မှုလက်မှုအပိုင်းတွင် ခေတ်မီလေယာဉ်/ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ အထောက်အကူစနစ်များကို ပြည်တွင်း၌ပင် တတ်နိုင်သမျှ ပြုပြင်ထိန်းသိမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရေး လေယာဉ်နှင့် အင်ဂျင်ပြင်ဆင်ရေးအလုပ်ရုံများ၊ Universal Service Support Center များ၊ အစိတ်အပိုင်းထုတ်လုပ်ရေးအလုပ်ရုံများ ဖြည့်ဆည်းတပ်ဆင်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ခေတ်မီစတုတ္ထမျိုးဆက်တိုက်လေယာဉ်များအထိ ပြည်တွင်း၌ ပုံမှန်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

## သမိုင်းကဏ္ဍသစ် ဖွင့်လှစ်

တပ်မတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တာဝန်ထမ်းဆောင်လျက်ရှိပြီး အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၌ ၁၉၅၄ ခုနှစ်ကတည်းက အမျိုးသမီးအုပ်ချုပ်မှုအရာရှိ လေးဦးရှိခဲ့ပြီးဖြစ်သည်ကို တွေ့ရကြောင်း၊ ၁၉၅၆ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ဗိုလ်ဒေါ်လှသန်းက စက်မဲ့ဂလိုက်ဒါကို တစ်ဦးတည်း မောင်းနှင်ပြသခဲ့ခြင်းဖြင့် တပ်မတော်(လေ)၏ အမျိုးသမီးများ သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း။

ထို့နောက်ပိုင်းတွင် အမျိုးသမီးများ၏ကဏ္ဍ တိမ်မြုပ်ခဲ့ရသော်လည်း ၂၀၁၄ ခုနှစ်မှစပြီး အမျိုးသမီးများကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရန် ပြန်လည်စီစဉ်ခဲ့ရာ ယခုအချိန်တွင် အုပ်ချုပ်မှုပိုင်းသာမက တိုက်လေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနှင့် ရဟတ်ယာဉ်လေသူရဲ စသည်ဖြင့် တပ်မတော်(လေ)၏ ပျံသန်းရေးဆိုင်ရာကဏ္ဍမျိုးစုံအထိ အမျိုးသားလေသူရဲများနှင့် တန်းတူ နိုင်ငံတော်

စာမျက်နှာ ၄ သို့ ☆



- (၇၅)နှစ်တာကာလခရီးကို ဖြတ်သန်းလာခဲ့ပြီးသည့် ယနေ့အချိန်တွင် တပ်မတော်(လေ)သည် မျိုးဆက်သစ်လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး တိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့်တိုက်လေယာဉ်/ရဟတ်ယာဉ်များကို အားမာန်အပြည့်မောင်းနှင် ပျံသန်းနိုင်ကြပြီဖြစ်
- နည်းပညာသုတေသနပြု စမ်းသပ်ထုတ်လုပ်နိုင်မှုအပိုင်းတွင်လည်း MTX-1A လေယာဉ်နှင့် SR-1 UAV များကို ကိုယ်တိုင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

ကာကွယ်ရေး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း။

တပ်မတော်(လေ)သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် တိုက်ပွဲများကို ပြန်ကြည့်မည်ဆိုပါက လေတပ်ဦးစီးချုပ်မှစ၍ လေသူရဲငယ်များအထိ အဆင့်အတန်းအားလုံးသည် နိုင်ငံတော်အတွက် အသက်ကို ပဓာနမထားဘဲ မျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စားစိတ်များဖြင့် ပေးဆပ်သက်သေပြခဲ့ကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲခေါင်စစ်ဆင်ရေးကာလတွင် စွန့်လွှတ်စွန့်စားရင်း အသက်ပေးခဲ့ရသည့်လေသူရဲဒုဗိုလ်ပီတာကိုနိုင်ငံတော်က "သူရ"ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း၊ အလားတူ ၁၉၇၇ ခုနှစ် ခြူးရွှေ-ပန်ကောက်တိုက်ပွဲကာလအတွင်း ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ရင်း ဗိုလ်မှူးအုန်းခိုင် ကျဆုံးခဲ့ရကြောင်း၊ ၎င်း၏ ပြောင်မြောက်သည့် သတ္တိနှင့် ရဲရင့်မှုများအတွက် နိုင်ငံတော်က "သူရ" ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း။

စွမ်းဆောင်နိုင်မှုများနှင့် အောင်မြင်မှုများသည် တပ်မတော်(လေ)ကို စတင်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားစဉ်။

တည်ထောင်စဉ်ကစပြီး ယခုအချိန်အထိ လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ/စစ်သည်များ၏ မဆုတ်မနစ် စွမ်းစွမ်းတမံ ဆောင်ရွက်မှုများနှင့် စွန့်လွှတ် စွန့်စားသည့် စိတ်ဓာတ်များကြောင့်သာဖြစ်ကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်သည့်ဂုဏ်ဒြပ်များနှင့် အသက်ကို ပဓာနမထားဘဲ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည့် စံပြုထိုက်သည့် သူရဲကောင်းစစ်သည်တော်များကို တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သီဟသူရဘွဲ့ တစ်ဦး၊ သူရဘွဲ့ ၂၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူ ၁၁၇ ဦးအထိ ချီးမြှင့်ခံရသည်ကို ဂုဏ်ယူဖွယ် တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်သည့် အစဉ်အလာကောင်းများကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်းအမွေ ဆက်လက်ထိန်းသိမ်းသွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

### စမ်းသပ်ထုတ်လုပ်နိုင်ခဲ့

(၇၅)နှစ်တာကာလခရီးကို ဖြတ်သန်းလာခဲ့ပြီးသည့် ယနေ့အချိန်တွင် တပ်မတော် (လေ)သည် မျိုးဆက်သစ်လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး တိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့် တိုက်လေယာဉ်/ရဟတ်ယာဉ်များကို အားမာန်အပြည့်မောင်းနှင် ပျံသန်းနိုင်ကြပြီဖြစ်ကြောင်း၊ နည်းပညာသုတေသနပြု စမ်းသပ်ထုတ်လုပ်နိုင်မှု အပိုင်းတွင်လည်း MTX–1A လေယာဉ်နှင့် SR–1 UAV များကို ကိုယ်တိုင် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ဂုဏ်ပြုမှတ်တမ်းတင်

တပ်မတော်(လေ)အနေဖြင့် စိန်ရတုခရီးကာလအတွင်း နိုင်ငံတော် ကာကွယ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးများအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီရှာဖွေကယ်ဆယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးစသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၇၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ ကျရာတာဝန်များကို ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ တာဝန်ထမ်းဆောင်ဆဲ တပ်မတော်(လေ) တပ်ဖွဲ့ဝင်များ အားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်တော်ဝင်မည့် လေယာဉ်၊ ရဟတ်ယာဉ်များ၏ စွမ်းပကားများ ထပ်မံ ပေါင်းစပ်လိုက်မည်ဆိုပါက တပ်မတော်(လေ)အနေဖြင့် မဟာဗျူဟာမြောက် အလှမ်းမီစစ်ဆင်နိုင်မှုအပြင် ရေငုပ်သင်္ဘောတန်ပြန်စစ်ဆင်နိုင်မှုများပါ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ရေအောက် Dimension လေးခု လုံးတွင် စွမ်းအားပြည့် စစ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း။

### တပ်မတော်၏ဂုဏ်ကိုမြှင့်တင်

စိန်ရတုကာလအထိ သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကို ကျရာ အခန်းကဏ္ဍမှ ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆက်လက်ပါဝင် ဆောင်ရွက်သွားကြရန်၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်အားလုံးသည် တပ်မတော်ရှိ အခြားသောညီနောင်တပ်ဖွဲ့များနှင့် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နောင်တော်သူရဲကောင်း စစ်သည်တော်များ၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူသင်ခန်းစာယူပြီး နောင်တော်များကဲ့သို့ ပေးအပ်လာမည့် တာဝန်နှင့်ဝတ္တရားများကို ဦးလည်မသုန် ကျေပွန်စွာဆက်လက်ထမ်းရွက်ကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ်ပါ "မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ'' ဟူသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာ ကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

(၇၅)နှစ်တာ ကာလတစ်လျှောက် နိုင်ငံတော်နှင့်တပ်မတော်အတွက် ကျရာကဏ္ဍအသီးသီးမှ တာဝန်ကျေပွန်အောင် မှတ်ကျောက်တင် ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်(လေ)မိသားစုများအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်းနှင့် အနာဂတ်ကာလတွင်လည်း ကျရာတာဝန်များကို စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### တပ်တော်ဝင်အဖြစ် ကြေညာ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များ ပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများ ပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် တစ်စင်းက နိုင်ငံတော်အလံကို **စာမျက်နှာ ၅ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်ရဟတ်ယာဉ်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

☆ စာမျက်နှာ ၄ မှ
ချိတ်ဆွဲပြီး တိုက်ခိုက်ရေးရဟတ်ယာဉ် သုံးစင်းတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို ချိတ်ဆွဲလျက် Composite Trail Formation ခေါ် အတန်းလိုက် အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းခြင်း၊ အမျိုးအစားမတူညီသည့် ရဟတ်ယာဉ် လေးစင်းတို့က Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ အပေ့ါစားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်ဖြင့် Hoist စွမ်းရည်ပြသခြင်း၊ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ဖြင့် Bambi Bucket အသုံးပြု၍ မီးငြိမ်းသတ်မှုအား သရုပ်ပြခြင်း၊ အမျိုးအစားမတူညီသော ကင်းထောက်လေယာဉ် တစ်စင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စင်းတို့ဖြင့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံ ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

**ပျံသန်းအလေးပြု**

ယင်းနောက် အမျိုးအစားမတူသည့် သယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ မြေပြောက်အုပ်ဖွဲ့မှ ဂျက်တိုက်လေယာဉ် တစ်စင်းနှင့် အမောင်းသင်ဂျက်တိုက်လေယာဉ် သုံးစင်းတို့သည် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုပြီး အမောင်းသင်ဂျက်တိုက်လေယာဉ် သုံးစင်းမှ တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင်မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်လျက်ပျံသန်းခြင်း၊ ဖုံးကြဲလေယာဉ်တစ်စင်းနှင့်အပေ့ါစားဂျက်တိုက်လေယာဉ် လေးစင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ်တစ်စင်းနှင့်ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်လေးစင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ် ခြောက်စင်းတို့က Wedge Formation အုပ်ဖွဲ့ပုံစံဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

ထို့နောက် ဘက်စုံသုံးဂျက်တိုက်လေယာဉ်ဖြင့် ပျံသန်းအလေးပြုပြီး လှုပ်ရှားစစ်ကစားနိုင်မှု စွမ်းရည်ပြသပျံသန်းရာ ဂျက်တိုက်လေယာဉ်သည် High Speed Flight ဖြင့် သရုပ်ပြပျံသန်းပြီး ရန်သူ့ထံမှ တန်ပြန်ပစ်ခတ်လာနိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင် အသုံးပြုသည့် စစ်ကစားမှုပုံစံ Combat Turn ဖြင့် လေယာဉ်အား ရေပြင်ညီအနေအထားမှ ညာဘက်သို့ ရုတ်ခြည်းကွေ့၍ ဆွဲတင်ရသည့် စစ်ကစားမှုပုံစံအား သရုပ်ပြခြင်း၊ Level 8 ဟုခေါ်သည့် အင်္ဂလိပ်အက္ခရာ ၈ ပုံသဏ္ဍာန် ရေပြင်ညီကွေ့ဝိုက်ပျံသန်း သရုပ်ပြခြင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာလိုက်လာသောရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Aileron Roll ပြုလုပ်ကာ စစ်ကစားမှုပြုလုပ်ပျံသန်းခြင်း၊ တိုက်လေယာဉ်တစ်စင်းအတွက် Radius of Turn ကျဉ်းကျဉ်းကွေ့နိုင်ခြင်းအားဖြင့် လေယာဉ်ချင်း စီးချင်းထိုးစစ်ကစားချိန်တွင် အားသာမှုရရှိစေနိုင်ရန် ပြုလုပ်သည့် Maximum Banking Turn အား သရုပ်ပြပျံသန်းခြင်းများနှင့် အမြန်နှုန်းအနိမ့်ဆုံးဖြင့် စွမ်းရည်ပြရန်အတွက် Slow Flight ပျံသန်းခြင်းများ ဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များ ပြသကြသည်။

ဆက်လက်၍ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် တစ်စင်းဖြင့် ပျံသန်းအလေးပြုပြီး ယင်းတိုက်လေယာဉ်၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန ငှက်လွှတ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်ရဟတ်ယာဉ်အား ကြည့်ရှုစဉ်။

ထိုသို့စွမ်းရည်ပြသရာတွင် **Tail Slide ဟုခေါ်သော ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံအား သရုပ်ပြခြင်းနှင့် Flap Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက်လည်ကျသော ပျံသန်းမှုပုံစံအား သရုပ်ပြသသည်။ Flap Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 တိုက်လေယာဉ်တွင်မှု လေယာဉ်၏ အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှု ထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flap Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။**

**ယင်းနောက် လိုအပ်သောအမြင့်သို့ အမြန်ဆုံးတက်ရောက်လိုသည့် အချိန်တွင်လည်းကောင်း၊ အမြန်နှုန်းလျှော့နည်းနေစဉ်တွင် လေယာဉ်၏ဦးတည်ရာ လမ်းကြောင်းအား ရုတ်ခြည်းပြောင်းလဲလိုသောအချိန်တွင်လည်းကောင်း အသုံးပြုရသည့် စစ်ကစားမှု ပုံစံအမျိုးအစားဖြစ်သော လေယာဉ်အား အပေါ်သို့ရုတ်ခြည်း ဒေါင်လိုက်ဆွဲတင်ပြီး** စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကြေးမုံ








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်းနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၅ မှ

တစ်ဆက်တည်းတွင် အောက်သို့ ရုတ်တရက် ပြန်လည်စိုက်ဆင်းသည့် Zoom & Dive with 90° Maneuver အား သရုပ်ပြပျံသန်းခြင်း၊ မိမိလေယာဉ်၏ နောက်မှ အနီးကပ်လိုက်ပါလာသည့် ရန်သူ့လေယာဉ်ကို မိမိ၏မြင်ကွင်း၊ ပစ်ကွင်းရှေ့သို့ ပြန်လည်ရောက်ရှိစေပြီး အမြန်ဆုံး ပြန်လည်တိုက်ခိုက်နိုင်သည့် စစ်ကစားမှုပုံစံဖြစ်သော High AOA Roll အား သရုပ်ပြပျံသန်းခြင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမြန်နှုန်း 100 Km/hr ခန့်နှင့်ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်းများ ဆောင်ရွက်၍ လေယာဉ်မောင်း စွမ်းရည်များ ပြသကြသည်။

ထို့နောက် Su-30 တိုက်လေယာဉ်သည် မည်သည့်အခြေအနေ၊ အမြန်နှုန်း၊ အမြင့်ပေတွင်မဆို လေယာဉ်ကွင်းသို့ ရုတ်ခြည်း ဆင်းသက်နိုင်စွမ်းရှိခြင်းအား Maximum Banking Turn & Loop for Landing Maneuver ဖြစ်သည့် လေယာဉ်ပြေးလမ်းအတိုင်း ပျံသန်းလာပြီး ရုတ်တရက်ကွေ့ကာ တစ်ဆက်တည်းပင် ဒေါင်လိုက် အပေါ်သို့ဆွဲတင်၍ Loop ထိုးပြီး လေယာဉ်ပြေးလမ်းသို့ ပြန်လည်ဆင်းသက်သော ပျံသန်းမှုစွမ်းရည် ပြသပျံသန်းသည်။

### ဗီဝိတဒါနငှက်လွှတ်

ဆက်လက်၍ ဗီဝိတဒါနငှက်လွှတ်ခြင်းဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၅ ကောင်တို့ကို ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သောလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ ကျင်းပသည့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် ပါဝင်သည့် Su-30 SME လေယာဉ်သည် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်ပြီး တပ်မတော်(လေ)အတွက် ပထမဦးဆုံး စတင်အသုံးပြုသည့် Heavy Fighter အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

FTC 2000 G လေယာဉ်သည် ဘက်စုံသုံး အပေါ့စားတိုက်ခိုက်ရေး လေယာဉ်အမျိုးအစားဖြစ်ပြီး ဝေဟင်-ဝေဟင် စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ် လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Ka-28 ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်သည် ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ရေငုပ်သင်္ဘောများအား ရှာဖွေတိုက်ခိုက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့ပျံသန်းအလေးပြုကြစဉ်။

**☆ Su-30 တိုက်လေယာဉ်သည် မည်သည့်အခြေအနေ၊ အမြန်နှုန်း၊ အမြင့်ပေတွင်မဆို လေယာဉ်ကွင်းသို့ ရုတ်ခြည်း ဆင်းသက်နိုင်စွမ်းရှိခြင်းအား Maximum Banking Turn & Loop for Landing Maneuver ဖြစ်သည့် လေယာဉ်ပြေးလမ်းအတိုင်း ပျံသန်းလာပြီး ရုတ်တရက်ကွေ့ကာ တစ်ဆက်တည်းပင် ဒေါင်လိုက် အပေါ်သို့ဆွဲတင်၍ Loop ထိုးပြီး လေယာဉ်ပြေးလမ်းသို့ ပြန်လည်ဆင်းသက်သော ပျံသန်းမှုစွမ်းရည် ပြသပျံသန်းခဲ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား ဂုဏ်ပြုညစာစားပွဲနှင့် ပဒေသာကပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာ စားပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုပဒေသာကပွဲဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်သော တပ်မတော်(လေ)မိသားစုဝင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ် (လေ)များနှင့်ဇနီးများ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ) များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် သူရအုန်းခိုင်ခန်းမ၌ကျင်းပသော တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ တင်ဆက်သော ဂုဏ်ပြု ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

FT-7 ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နှင့် K-8W လေယာဉ်များသည် အမောင်းသင်ဂျက်တိုက်လေယာဉ်နှင့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ်အမျိုးအစားများဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင် စစ်ဆင်ခြင်း၊ အနီးကပ် လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်းနှင့် လွှဲပြောင်းသင်တန်းပို့ချခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Y-8 လေယာဉ်သည် သယ်ယူပို့ဆောင်ရေးလေယာဉ် အမျိုးအစားဖြစ်ပြီး အဓိကပုဂ္ဂိုလ်သယ်ပို့ခြင်း၊ ခရီးသည်သယ်ပို့ခြင်း၊ ကုန်ပစ္စည်းများသယ်ပို့ခြင်း၊ ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လေထီးခုန်ခြင်း၊ ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်း သိရှိရပြီး တပ်မတော်(လေ)အတွက် အားသစ်လောင်းသည့်အနေဖြင့် ထပ်မံ၍ တပ်တော်ဝင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

## များစွာအကျိုးရှိမည်

ယခုကဲ့သို့ တပ်မတော်(လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝေဟင်နှင့် မြေပြင်ကိုသာမက ရေပြင်ကိုပါ ကာကွယ်နိုင်သည့် စွမ်းဆောင်ရည်ရှိသော လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာအကျိုးရှိမည်ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့နှင့် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဂုဏ်ပြုပြခန်းများ၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဒေသထွက် အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက် ရိုးရာမုန့်အရောင်းဆိုင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်ပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တပ်မတော်(လေ) ၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြသထားသည့် လေကြောင်း သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်(လေ)ဝတ်စုံများ၊ တပ်မတော်(လေ)သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီ မျိုးဆက်သစ် တိုက်ခိုက်ရေး လေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော် (လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင်အခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ) အရာရှိစစ်သည်၊ အစားခန့်များအား လေ့ကျင့် ပျိုးထောင်မှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရွန်နစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကြပြီး လေတပ်စခန်းဌာနချုပ်များအလိုက် အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို ဆက်လက် ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## စိန်ရတု တပ်မတော် (လေ) သို့

❖ ဘာလိုလိုနဲ့ အရွယ်ထောက်
(၇၅) နှစ် ပြည့်မြောက်ခဲ့ပါပေါ့။

❖ ဇရာအို ဆိုပေမယ့်
အထင် အမြင် မသေးချင်နဲ့နော်
တို့တစ်တွေ လျှောက်ခဲ့ရာလမ်း
သမင်လည်ပြန် လှမ်းလို့ ကြည့်စမ်းပါ။

❖ မွေးဖွားစ အ, ကလေးဘဝမှ
ယနေ့ (၇၅) နှစ် ပြည့်သည်ထိ
မြန်မာ့ဝေဟင် လေပြင်ပိုင်နယ်
အချုပ်အခြာမထိပါးအောင် ကာကွယ်ခဲ့ . . .

❖ အကြံဆိုးနဲ့ တိုးဝင်လာတဲ့ အန္တရာယ်
ရန်မာန်စွယ် အသွယ်သွယ်ကို ချိုးနှိမ်လို့
ဝေဟင်မှာ ပစ်ကူဆင်ကာ ပါဝင်နွှဲခဲ့ . . .

❖ သဘာဝ ဘေးဒဏ်ဆိုးနဲ့ကြုံတဲ့အခါ
တာဝန်ကို ထိပ်ပန်၊ စေတနာအရင်းခံနဲ့
အဝေးအနီး အစုန်အဆန်
တောင်ပံကို သွင်သွင်ခတ်ကာ
စေစား သယ်ယူ၊ ကူညီအားဖြည့်ခဲ့ . . .

❖ ငါ . . . တို့ရဲ့ တပ်မတော်လေ
မနုငယ် မပျိုရွယ်တော့သော်လည်း
လက်ရုံးရည် နှလုံးရည်စွမ်းအားများပြည့်
ငါ . . . ဟော့လို့ ကြုံးဝါးနေမြဲ . . .

❖ မွေးဖွားပြုစု၊ ပျိုးထောင်မှုပေးခဲ့
ရင်နှစ်ရင်သွေး၊ သားရွယ်သမီးငယ်တို့
ထူးပါ့ချွန်ပါပေ့လို့ ဂုဏ်ယူ
ထပ်တူခြေရာ နင်းနိုင်ပေ့ဟု ဝင့်ကြွား
“တက်နိုင်ဖျားရောက်” လို့ ဟစ်ကြွေးရင်း
သားသမီးမြေးမြစ် ပြောထုံးဖြစ်အောင်
လင်းယုန်ငှက်တို့အားမာန်၊ ရဲစွမ်းတွေ . . .

❖ ရှင်သန်တိုးပွား၊ မြင့်မားသည်ထက် မြင့်မား
ဝံ့စားနိုင်သော သမိုင်းကြောင်း
ကောင်းသည်ထက်ကောင်းပါစေ . . .
ကဗျာမော်ကွန်းနဲ့ ဆုမွန်ခြွေ . . . ။

သီရိပြည့်စုံမေ

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U - 18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းတိုးတက် မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရွက်ပုန်းသီး(အမျိုးသမီး) ဘောလုံးအားကစားသမား များစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။





ဘောလုံးပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးသည်။

ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာယဉ်ကျေးမှုယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ဒုတိယအဆင့်)နှင့် ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယအဆင့်)ရရှိသူများ၊ ဂုဏ်ပြုမှတ်တမ်းလွှာဆုရရှိသူများ၊ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ၊ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ရခိုင်တိုင်းရင်းသားမျိုးနွယ်စု စုပေါင်းယိမ်းအကအဖွဲ့များက "ပြည်ထောင်စုရဲ့ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ စာပေနှင့် ယဉ်ကျေးမှုပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံတွင် ပြုလုပ်သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲသို့ သွားရောက်၍ ဆန်ထွက်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားကုန်၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းများ၊ ငါးလုပ်ငန်းထုတ်ကုန် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အဖွဲ့ဝင်များသည် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှိ ဓညဝတီအားကစားခန်းမ၌ ကျင်းပသည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲ/ရွှင်ပွဲ၊ အားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး အမျိုးသား/ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အားကစားသမားများအား တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးတို့အကြား လက်ရှိနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်






# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးနှင့် မြန်မာနိုင်ငံအကြား လက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကိုအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရတနာပင်စည်(မြောက်)ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါက်နီးဘုရားကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းပရိယတ္တိ စာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိရတနာမဏ္ဍိုင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အရှေ့အလယ်ကိုင်းကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာလယ်တီစံကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရက္ခပူရသာသနဝိမာန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေသာစည်ရွှေကျင်ကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုက်ကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ ချင်းပြည်နယ်တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ကာတာနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် တက်ရောက်သည်။

**စတင်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ Dr. Rashid Abdulla Al-Kuwarl က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ Dr. Rashid Abdulla Al-Kuwarl တို့က ကာတာနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား ကာတာနိုင်ငံသံရုံးတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

သတင်းစဉ်




# Naypyitaw State Academy တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် သင်ရိုးပြင်ပလှုပ်ရှားမှုအနေဖြင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများကို အပတ်စဉ်ကျင်းပလျက်ရှိသည်။

ယခုအပတ်ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး စည်းကမ်းလိုက်နာ ဘေးကင်းကွာ လူမှုဘဝ တိုးတက်မှာ၊ မျိုးချစ်စိတ်ကိုအရင်းတည် နိုင်ငံတော်ကိုစောင့်ရှောက်မည်၊ လူငယ်ဘဝတိုးတက်ဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။




သတင်းစဉ်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးရဲတင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒေါက်တာမိုးဇော်ထွန်း၊ ဦးအောင်ကျော်ထွန်း၊ ဦးထွန်းအုံ၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



### အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသည် နိုင်ငံအတွက် အထွတ်အမြတ်အခမ်းအနားဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားနှင့် ဆက်စပ်၍ ဂုဏ်ပြုအစီအစဉ်နှင့် ဆက်စပ်အခမ်းအနားများကို ကျင်းပလျက်ရှိပါကြောင်း၊ နေ့ထူးနေ့မြတ် ကြုံတောင့်ကြုံခဲအခမ်းအနားဖြစ်သည့်အတွက် အချိန်နီးကပ်လာသည်နှင့်အမျှ ဆောင်ရွက်ရန်ကိစ္စရပ်များ များပြားပါကြောင်း၊ နိုင်ငံတော်၏ အမြင့်ဆုံးအခမ်းအနားဖြစ်သည့်အတွက် မိမိတို့တာဝန်များကို အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိဘုရားအနီး တပေါင်းကွင်းတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ထားရှိပြသနိုင်ရေး၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအသောက်ပြခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် အစားအသောက်များ စုံလင်စွာခင်းကျင်းပြသနိုင်ရေး၊ သမိုင်းမှတ်တမ်းကျန်ရှိစေရေးအတွက် မှတ်တမ်းစာအုပ်ဆောင်ရွက်နိုင်ရေးနှင့် အများပြည်သူ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်စည်ကားကားကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ဂုဏ်ပြုအခမ်းအနားတွင်ပါဝင်မည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖျော်ဖြေမည့် ယိမ်းအဖွဲ့များအတွက် သီချင်းရွေးချယ်ပေးထားမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဂုဏ်ပြုယာဉ်များ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်၊ ဂုဏ်ပြုတပ်ခွဲများ ချီတက်စဉ် သီဆိုမည့် တေးသီချင်းများ၊ ဂုဏ်ပြုယာဉ် ဆုချီးမြှင့်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တက်ရောက်လာကြသူများက ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်မည့်အဖွဲ့များ လျာထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားပြင်ဆင်မှု၊ ဂုဏ်ပြုယာဉ်များတည်ဆောက်နေမှု၊ ရိုးရာအစားအသောက်ပြခန်းများ ခင်းကျင်းပြသရန် ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးဆိုင်ရာ လျာထားမှု၊ ခွင့်ပြုချက်ရယူရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုဖတ်ကြားသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အကြိုစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံစာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အကြို စာတမ်းဖတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး တက်ရောက်သည်။



စာတမ်းဖတ်ပွဲပထမနေ့တွင် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝမ်းတင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က **"နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ(IPSASs) လိုက်နာကျင့်သုံးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ"**ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ဇင်ဝင်းက **"စာရင်းပညာရှင်များ မွေးထုတ်ပေးလျက်ရှိသော မြန်မာနိုင်ငံစာရင်းကောင်စီ၏ ဆောင်ရွက်ချက်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေမာသန်းဝင်းက **"အစိုးရရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် ဖက်စပ်ကုမ္ပဏီများနှင့် အစိုးရနှင့် ပုဂ္ဂလိကတို့ နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအား စစ်ဆေးသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ(PAPP)များ၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

စာတမ်းဖတ်ပွဲဒုတိယနေ့တွင် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်က **"အငယ်စား၊ အလတ်စား အဖွဲ့အစည်းများနှင့်သက်ဆိုင်သော နိုင်ငံတကာဆိုင်ရာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဘုတ်အဖွဲ့ဝင် ဒေါ်ခင်ပြည့်ဖြိုးက **"မြန်မာနိုင်ငံအတွက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုက်နာကျင့်သုံးရန် အငယ်စားစာရင်းဆိုင်ရာမူဘောင် (Micro Accounting Model – MAM)"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Capstone Group Founder ဦးသူလှိုင်ထွန်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းခင်အေးမွန်က **"The Impact of Digital Transformation for Accountancy Professional in Myanmar and Digitalization Audit in Public Sector"** ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးက ယခုအခမ်းအနားသည် မြန်မာနိုင်ငံစာရင်းကောင်စီမှ မွေးထုတ်ပေးခဲ့သည့် အစိုးရနှင့် ပုဂ္ဂလိကဏ္ဍရှိ စာရင်းပညာရှင်များ ပူးပေါင်းဆောင်ရွက်နိုင်မှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲမှ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အခြားဝန်ကြီးဌာနများ ပူးပေါင်း၍ နိုင်ငံပိုင်ကဏ္ဍတွင် နိုင်ငံတကာစံများ (IPSASs)လိုက်နာကျင့်သုံးရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတွင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းမှုများ၊ နိုင်ငံ၏ လိုအပ်ချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံနှင့် စာရင်းဆိုင်ရာ မူဘောင်များ၊ စာရင်းပညာရှင်များအပေါ် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၏ သက်ရောက်မှုများနှင့် IT Audit ဆိုင်ရာများကို လေ့လာသိရှိရသည့်အတွက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပြန်လည်အသုံးချနိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့်လည်း လတ်တလောနှင့် ရှေ့ကာလများတွင် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်သည်များကို မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်းမှ ဝါရင့်စာရင်းပညာရှင်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအများမှ အဆင့်မြင့်အရာရှိကြီးများအပါအဝင် အကဲဖြတ်ဒိုင် ၁၂ ဦးက အကောင်းဆုံးစာတမ်းရှင် သုံးဦးအား ရွေးချယ်၍ မြန်မာနိုင်ငံစာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားနေ့၌ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီးမှ လယ်ပုပြားကျေးရွာအဝင် ကွန်ကရစ်လမ်းဖောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**မင်းတုန်း ဒီဇင်ဘာ ၁၅**

မင်းတုန်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၂ သန်းဖြင့် ပုသိမ်-မုံရွာကားလမ်းမကြီးမှ လယ်ပုပြား ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကိုဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပုသိမ်-မုံရွာကားလမ်းမကြီးမှ လယ်ပုပြား ကျေးရွာအဝင်လမ်း အရှည် ခြောက်ဖာလုံအား မြေနီခင်းခြင်း၊ ကျောက်ချောခင်းခြင်းနှင့် အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၅ ဒသမ ၂ သန်း အသုံးပြုကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဇူလိုင်လမှ စတင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်း ပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး ဒေါ်တင်မိုးနွယ် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။





ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက်ကာကွယ်ရေးဦးစီးချုပ်(လေ)က (၇၅)နှစ်မြောက် စိန်ရတုတပ်မတော် (လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မိတ္ထီလာတပ်နယ်ရှိ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပရာ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒ အမှူးပြုသော သံဃာတော်အရှင်မြတ် (၇၅)ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး ဒေါ်တင်မိုးနွယ်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြတ်မြတ်စိုး၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် ဇနီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများနှင့် ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များသည် ဒီဇင်ဘာ ၁၄ ရက်နှင့် ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ဂေဟာများနှင့် မျက်မမြင်ကျောင်းများတွင် စားသောက်ဖွယ်ရာများနှင့် အလှူငွေများအား လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာယာဝတီမြို့တွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိရေး စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**သာယာဝတီ ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ မြေပြင်လူဦးရေ စာရင်းတွင် ဥပဒေနှင့်အညီနေထိုင်သူများ (လဝက(ပုံစံ ၆၆/၆) အိမ်ထောင်စုစာရင်းရှိသူများ) အနက်မှတ်ပုံတင်ပြည့်စုံသူများတွင် (နိုင်) နံပါတ် နှစ်ကြိမ်ထပ်ခြင်း၊ သုံးကြိမ်ထပ်ခြင်း၊ လေးကြိမ်ထပ်ခြင်းနှင့် နှစ်ကြိမ်နှင့်အထက်ထပ်နေသူများ၏ အချက်အလက်များကို သာယာဝတီမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု ၆၉ အုပ်စုအတွင်း စိစစ်ခြင်း၊ သာယာဝတီမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်အတွင်း စိစစ်(Cross Check) ဆောင်ရွက်ခြင်းလုပ်ငန်းကို ယနေ့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ စတင်စိစစ်လျက်ရှိကြောင်း သိရသည်။

သာယာဝတီမြို့နယ်၏ မြေပြင်လူဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)မှ “Software” ဖြင့် (နိုင်)နံပါတ် နှစ်ကြိမ်နှင့်အထက် ထပ်နေသူများစာရင်းကို စိစစ်ခဲ့ရာ မြို့နယ်တူ ထပ် ၁၁၇၈၀ နှင့် မြို့နယ်မတူ ထပ် ၁၉၃၃ ဦး စုစုပေါင်း ၁၃၇၁၃ ဦး၏ (နိုင်)နံပါတ်များကို “လဝက e ID Software” ဖြင့် တိုက်ဆိုင် စိစစ်အတည်ပြုခြင်းလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ဌာနသုံးခု ပေါင်းစပ်ညှိနှိုင်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၅**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင် ပညာရေးဒီဂရီကောလိပ်ကျောင်း ပညာညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသီဂီကျော်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းနွယ်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ မော်လမြိုင် ပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခ သင်ပြနည်းဌာန ဒေါ်ခင်ခွာညိုက ဦးဆောင်ဖြည့်စွက်ဆွေးနွေးပြီး ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများဖြစ်ကြသော မရွှေရည်လင်းလက်က လူငယ်နှင့် ကိုယ်ကျင့်တရား၊ မောင်အောင်ပိုင်စိုးက လူငယ်နှင့်ကျန်းမာရေး၊ မနှင်းဝတ်ရည်က လူငယ်နှင့်စာပေ၊ မောင်သော်ဇင်မိုးက လူငယ်နှင့်အားကစား၊ မအေးအေးမွန်က လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ယင်းမာပင်၌ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် သံပရာသီးဇွန်းကိုက်ပြိုင်ပွဲများကို ကျင်းပပေးရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့်ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမော်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းခိုင်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၉၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၂-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၉၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၄၈,၀၈၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၂၁)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈)ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၀)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ဂျာမနီနိုင်ငံ ဘာလင်မြို့အခြေစိုက်၊ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံ -၂၀၂၂ ကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ Omni Shoreham Hotel ၌ ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကိုယ်စား မြန်မာသံရုံး ဝါရှင်တန်မြို့မှ သံရုံးယာယီတာဝန်ခံ ဦးသက်ဝင်းဦးဆောင်သည့် ကိုယ်စားလှယ် သုံးဦး တက်ရောက်ခဲ့သည်။



**တက်ရောက်**

ညီလာခံတွင် အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေးအကြံပေး Mr. Jake Sullivan၊ မော်ဒိုဗာသမ္မတနိုင်ငံ သမ္မတ H.E. Ms. Maia Sandu၊ U.S. Agency for International Development (USAID) ၏အကြီးအကဲ Ms. Samantha Power၊ Transparency International အဖွဲ့၏ ဥက္ကဋ္ဌ Ms. Delia Ferreira Rubio၊ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Gary Kalman၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံကောင်စီ ဥက္ကဋ္ဌ Ms. Huguette Labelle တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညီလာခံသို့ နိုင်ငံ ၁၄၀ ကျော်မှ အစိုးရကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ Ms. Dunja Mijatovic၊ IMF၊ UNDP စသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့များ/ကော်မရှင်များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သုတေသီများ၊ သတင်းထောက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများနှင့် တက္ကသိုလ်ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ကိုယ်ကျိုးစီးပွားဦးစားပေးစနစ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အဂတိလိုက်စားမှု မျက်မြင်သက်သေများကို အကာအကွယ်ပေးခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်စေရန် ဘဏ္ဍာရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုရှိရေး ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမှတစ်ဆင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များအား စည်းရုံးခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့**

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင်လည်း ပါဝင်လက်မှတ်ရေးထိုးထားပြီး ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ မဟာဗျူဟာများ၊ လုပ်ငန်းဧရိယာများချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# သာစည်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်

**သာစည် ဒီဇင်ဘာ ၁၅**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ သာစည်မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဈေးအတွင်း၌ ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ထားရန်တို့ကိုပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုပြီး မီးငြိမ်းသတ်နည်းကို ရှင်းလင်းပြသကာ လက်တွေ့ပူးပေါင်းလေ့ကျင့် ဆောင်ရွက်သည်။ ထို့နောက် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများက ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သာစည်မြို့မဈေးကြီး၌ ဆိုင်ခန်းပေါင်း ၆၅၄ ခန်းရှိကြောင်း သိရပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဂါလန် ၁၀၀၀ ဆံ့ရေစင်တစ်ခု၊ ဂါလန် ၁၀၀၀၀ ဆံ့နှင့် ဂါလန် ၃၀၀၀ ဆံ့ မီးသတ်ရေကန်များနှင့် မီးသတ်ရေငုတ် ၁၂ ခု ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းသီဟအောင်နှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ (၃၂)ကြိမ်မြောက်မှ

သို့သော် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲအမျိုးအစားအားလုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ဘဲ အမျိုးသားပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲ လေးမျိုးအနက် နှစ်မျိုး၊ စုစုပေါင်း ခြောက်မျိုးသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာခြင်းလုံးလက်ရွေးစင်ကစားသမားများသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

**တစ်ကျော့ပြန်ပါဝင်လာ**

မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတို့တွင် ဆက်တိုက်ပါဝင်ခဲ့သော်လည်း ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် မပါဝင်ဘဲ ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲမှ တစ်ကျော့ပြန်ပါဝင်လာခြင်းဖြစ်သည်။ မြန်မာခြင်းလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းပါဝင်သည့်အကြိမ်တိုင်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူနိုင်ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

# အမေရိကန်နိုင်ငံ၌ ရက်သတ္တပတ်အတွင်း ကလေးငယ် ၄၁၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



ဝါရှင်တန် ဒီဇင်ဘာ ၁၅

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သောရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ကလေးငယ် ၄၁၀၀၀ ခန့် တွေ့ရှိရပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သည့် နှစ်လအတွင်း အပတ်စဉ် ပျမ်းမျှထက် ၅၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း အမေရိကန်ကလေးငယ်ကျန်းမာရေးအကယ်ဒမီနှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ နိုင်ငံအတွင်းစတင်ကူးစက်ပျံ့နှံ့ချိန်မှစပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၅ ဒသမ ၁ သန်း နီးပါးရှိသည်။

လွန်ခဲ့သော ရက်သတ္တလေးပတ်အတွင်း ရောဂါကူးစက်ခံရသူကလေးငယ် ၁၂၇၀၀၀ ရှိကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗီဇပြောင်းမျိုးကွဲအသစ်များနှင့် ဆက်စပ်သောရောဂါများခံစားရမှုနှင့် ရေရှည်အကျိုးသက်ရောက်မှုများ ဖြစ်နိုင်ခြေကို အကဲဖြတ်ရန်၊ အသက်အရွယ်အလိုက် အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။

ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုရန် အရေးကြီးကြောင်းနှင့် ကလေးငယ်များနှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝများပေါ်တွင် ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် လိုအပ်ကြောင်း ယင်းအစီရင်ခံစာတွင် အလေးပေးဖော်ပြထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံမြို့တော် တိုကျို၌ ၂၀၂၅ ခုနှစ်မှစပြီး လူနေအိမ်အသစ်များတွင် ဆိုလာပြားများ မဖြစ်မနေတပ်ဆင်ရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်း

တိုကျို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံမြို့တော် တိုကျို၌ ၂၀၂၅ ခုနှစ် ဧပြီလမှစပြီး လူနေအိမ်အသစ်များအပါအဝင် အခြားသောအဆောက်အအုံအသစ်များ တည်ဆောက်ရာတွင် နေစွမ်းအင်ဆိုလာပြားများကို မဖြစ်မနေတပ်ဆင်သွားရမည်ဖြစ်ကြောင်း မြို့တော် တိုကျိုဒေသန္တရအစိုးရအဖွဲ့က ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်ခြင်းကို လျှော့ချရန် ကြိုးပမ်းမှုသည် ဂျပန်နိုင်ငံတွင် ပထမဆုံးဖြစ်သည်။

အဆိုပါဥပဒေသစ်တစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုခဲ့သည်။

ထို့ပြင် အိမ်ရာတည်ဆောက်ရေးဆိုင်ရာ ကုမ္ပဏီများသည် ၎င်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ တည်ဆောက်ထားခြင်းဖြစ်ကြောင်း နှစ်စဉ်အစီရင်ခံစာတင်သွင်းရမည်ဖြစ်ပြီး ဆိုလာပြားများမှ စွမ်းအင်မည်မျှ ထုတ်ပေးနေကြောင်းကိုလည်း တင်ပြရမည်ဖြစ်သည်။

အဆိုပါတိုကျိုအစည်းအဝေးပွဲ၌ နောက်ထပ်ဘတ်ဂျက် ယန်း ၁၁၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ သန်း ၈၁၀ ခန့်ကိုလည်း ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အတည်ပြုပေးခဲ့သည်။

ယင်းခွင့်ပြုငွေ၏တစ်စိတ်တစ်ပိုင်းသည် အိမ်ရာဆောက်လုပ်သည့်ကုမ္ပဏီများအား ၎င်းတို့၏ ဒီဇိုင်းနှင့် ဆိုလာပြားများ တပ်ဆင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အာဖရိကဒေသရှိနိုင်ငံများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အများအပြားဆောင်ရွက်သင့်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့တာဝန်ရှိသူပြောကြား

ကီဂါလီ ဒီဇင်ဘာ ၁၅

အာဖရိကဒေသရှိနိုင်ငံများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ခိုင်မာတောင့်တင်းစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအများအပြားဆောင်ရွက်သင့်ကြောင်း ရဝမ်ဒါနိုင်ငံ မြို့တော်ကီဂါလီ၌ကျင်းပသည့် ဒုတိယအကြိမ်အာဖရိကဒေသအပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေးညီလာခံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဖရိကဒေသဆိုင်ရာညွှန်ကြားရေးမှူး မက်ရှီဒီဆိုမိုတီက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ဆောင်ရွက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးအတွက် အရေးကြီးကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဖြင့် ရောဂါကုသရေးလုပ်ငန်းများတွင် ငွေကြေးအများအပြားသုံးစွဲနိုင်ပြီး သက်ဆိုင်ရာ နိုင်ငံများရှိ ဒေသခံများအား အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများဘေးမှ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့သော ညီလာခံကို ကျင်းပနိုင်ခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆောင်ရွက်သူတာဝန်ရှိသူများအချင်းချင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများတွင် စီမံခန့်ခွဲမှုနှင့် ကူးစက်နိုင်သည့်ရောဂါများနှင့်မကူးစက်နိုင်သည့်ရောဂါများတိုက်ဖျက်ရာတွင် ဆောင်ရွက်ပုံနှင့်ပတ်သက်၍ဆွေးနွေးဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း ရဝမ်ဒါကျန်းမာရေးဝန်ကြီး ဆာဗင်းအန်ဆမ်ဇီမာနာက ပြောကြားသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**




# ပြည်ပခရီးသည်များ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်နိုင်သော ဖိလစ်ပိုင်လုပ်သားများအား ဆုကြေးပေးရန်စီစဉ်

မနီလာ ဒီဇင်ဘာ ၁၅

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နိုင်ငံခြားသားခရီးသည်များအား ဖိလစ်ပိုင်နိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ခေါ်နိုင်ပါက ဆုများပေးအပ်သည့် အစီအစဉ်ကို ဖိလစ်ပိုင်နိုင်ငံက ဒီဇင်ဘာ ၁၅ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ကျွန်ုပ်တို့နိုင်ငံကို လာရောက်လည်ပတ်ပါဟု အမည်ရသည့် အထက်ပါအစီအစဉ်တွင် ဖိလစ်ပိုင်နိုင်ငံသို့နိုင်ငံခြားသားခရီးသည်များလာရောက်ရန် ဖိတ်ခေါ် နိုင်ပါက ထိုသို့ ဖိတ်ခေါ်ပေးသူအား အခမဲ့ အားလပ်ရက်ခရီးစီစဉ်ပေးခြင်း အပြင် အခြားဆုများဖြစ်သော ကွန်ဒိုမီနီယံတိုက်ခန်းများပေးအပ်ခြင်းနှင့် မော်တော်ကားများပေးအပ်ခြင်းတို့ကို အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအစီအစဉ်အရ ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်များဖိတ်ခေါ်ပေးမည့် ပြည်ပနိုင်ငံများရှိ ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာသံတမန်များဖြစ်လာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ်တီးနား ဂါဆီယာဖရန်စကိုက ပြောကြားသည်။

ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအပေါ်ချစ်မြတ်နိုးသည့် ဖိလစ်ပိုင်နိုင်ငံသားများ၏ စိတ်ဓာတ်ကို ထင်ဟပ်ပြသနိုင်မည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏လုပမှု၊ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်ပခရီးသည်များလေ့လာနိုင်မည်ဖြစ်ကာ ဧည့်ဝတ်ကျေပွန်သည့် ဖိလစ်ပိုင်နိုင်ငံသားများ၏ ဓလေ့ကိုလည်းတွေ့မြင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာသစ်ချမှတ်ထားပြီး နိုင်ငံခြားသားခရီးသည်များ နိုင်ငံအတွင်းလာရောက်ရန် ဆွဲဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၃ ဦး ထပ်မံသေဆုံး

မနီလာ ဒီဇင်ဘာ ၁၅

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၉၆၈ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၁၈၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၂၉၆၇ ဦး ရှိကြောင်း သိရသည်။


လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၃၆၅ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၆၈ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# သထုံမြို့မှ ပဲခူး - မြို့ဟောင်းခရီးစဉ်အဖြစ် ထွက်ခွာလာသည့်မီးရထားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ





**နေပြည်တော် ဒီဇင်ဘာ ၁၅**

KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မွန်ပြည်နယ် သထုံမြို့မှ အိမ်ဆောက်ပစ္စည်းများ တင်ဆောင်လာသည့် သထုံ-ပဲခူး-မြို့ဟောင်း ခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၂၇၂) အစုန်ကုန်ရထားတွဲဆိုင်းသည် သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းအကြား မီးရထားလမ်း မိုင်တိုင် (၁၂၄/၉-၁၀) သို့အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အဝေးထိန်းခလုတ်ဖြင့် မိုင်းတစ်လုံး ဖောက်ခွဲခဲ့မှုကြောင့် ကုန်ရထားတွဲ ၁၀ တွဲ လမ်းချော်တိမ်းမှောက်ခဲ့သည်။

**အခက်အခဲကြုံတွေ့ခဲ့ရ**

ထိုသို့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ၎င်းတွဲဆိုင်းများပေါ်တွင် တင်ဆောင်ထားသည့် အိမ်ဆောက်ပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ပြီး ရထားသံလမ်း ၂၂ ချောင်း၊ ကွန်ကရစ်ဇလီဖားတုံး ၁၈၀၊ သစ်သားဇလီဖားတုံး ၃၀၊ တွဲနှောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ရန်ကုန်နှင့် မော်လမြိုင်တို့မှ ထွက်ခွာမည့် အမြန်ရထား ခရီးစဉ်ခြောက်ခုတို့ကို ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသွားပြည်သူ ၄၅၀၀ ခန့် အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

အဆိုပါ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မီးရထားသံလမ်းများ ပျက်စီးခဲ့ရသည့်အတွက် မီးရထားလမ်းပိုင်းအား အမြန်ဆုံးဖွင့်လှစ် ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြန်လည်ပြုပြင်မှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေး လမ်းကြောင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သော KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့အထိ မီးရထားလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း စုစုပေါင်း ၁၀၂ ကြိမ်၊ မီးရထားလမ်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်း စုစုပေါင်း ၃၄ ကြိမ်နှင့် မီးရထားဘူတာများကို မီးရှို့ဖျက်ဆီးခြင်း စုစုပေါင်းကိုးကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အများပြည်သူအသုံးပြုလျက်ရှိသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး ရထားခရီးစဉ်များ၊ ရထားလမ်းများ၊ တံတားများ၊ ဘူတာများကို ယုတ်မာရက်စက်စွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသည့် KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ နေလင်းထက်သည် ၎င်းအသုံးပြုသည့် “Nay Linn Htet” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံ အကြမ်းဖက်သမားများက ပုလောမြို့နယ် တိုရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများ ပထမနှစ်ဝက်စာမေးပွဲ စစ်ဆေးနေမှုကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်၊ စာပေသင်ကြားခြင်း မပြုလုပ်နိုင်ရန်နှင့် ၎င်းတို့အား ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၂) ရပ်ကွက် (ဒေသအခေါ်-တိုရွာ)ရှိ တိုရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားလျက်ရှိသော Grade-3 မှ Grade-11 အထိ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ခန့်တို့ကို ပထမနှစ်ဝက်စာမေးပွဲစစ်ဆေးမှုအား ဆရာ ဆရာမ ၂၃ ဦးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိနေစဉ် နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမား လေးဦးက ဆိုင်ကယ်များဖြင့်ရောက်ရှိလာပြီး လက်နက်များကိုယ်စီကိုင်ဆောင်ကာ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ စာမေးပွဲစစ်ဆေးမှု ဆက်လက်ပြုလုပ်ခြင်းမပြုရန် ခြိမ်းခြောက်အကျပ်ကိုင်ပြီး ကျောင်းဝင်းအတွင်းမှ ထွက်ခွာသွားရန် မောင်းထုတ်ခဲ့သဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းအတွင်းမှ ထွက်ပြေးရှောင်တိမ်းခဲ့ရသည်။

အကြမ်းဖက်သမားများ၏ နှောင့်ယှက်ခြိမ်းခြောက်မှုကြောင့် ပထမနှစ်ဝက်စာမေးပွဲစစ်ဆေးမှုကို ခေတ္တရွှေ့ဆိုင်းထားခဲ့ရကြောင်းနှင့် ပြန်လည်ကျင်းပနိုင်ရေး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် စာမေးပွဲဖြေဆိုမှု မပြုလုပ်နိုင်ရေး ခြိမ်းခြောက်အကျပ်ကိုင်သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တာဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ကော်မတီအတွင်းရေးမှူး၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ အမှတ်(၂၅)မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲမှူးသန်းစိုးတို့ ဦးဆောင်၍ ဟိုပုံးတပ်နယ်မှစစ်သည်များ၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ယနေ့တွင် ဟိုပုံးမြို့နယ် စဂေါ်ကျေးရွာအုပ်စု ပန်လျှန်းကျေးရွာအနီးဝန်းကျင်ရှိ ဘိန်းစိုက်ခင်း ကိုးဧကကို ဖျက်ဆီးခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက ဘိန်းခင်းဖျက် ပူးပေါင်းအဖွဲ့များအတွက် ငွေကျပ် ၅၅၄၄၀၀ တန်ဖိုးရှိ ဆွယ်တာ၊ ခြေစွပ်၊ လက်အိတ်၊ ခေါင်းစွပ်များ ပေးအပ်ထောက်ပံ့ခြင်းနှင့် ပန်လျှန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးအိန္ဒာစာရထံ နဝကမ္မအလှူငွေကျပ် သုံးသိန်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၁၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာ နေ့မအား ညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန် အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြု သီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့တို့ရှိ နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည် တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာ အတူတကွ ပါဝင်သီဆိုကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလွင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလွင်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ လက်ထောက်ကထိက ဒေါက်တာခိုင်ဇော်ဦးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းသားသူလေးများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်



စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ပါဝင် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူလေးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ပျူတာ တက္ကသိုလ် (ဟသ်ာတ)၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ အဆိုပါကျောင်း ရွှေဝါထွန်းခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)မှ ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Princess အဖြစ် မဝသုန်ဝင့်သူ၊ Prince အဖြစ် မောင်ဟန်ထူးဇော်၊ King အဖြစ် မောင်သီဟသတ္တိ၊ Queen အဖြစ် မရွှေစင်မြင့်မြတ်ဦးတို့ကို ဘုတ်တင်စနစ်ဖြင့် ရွေးချယ်ခဲ့ကြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်နှင့် တာဝန်ရှိသူများက စလွယ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား၌ အဆို၊ အက ၊ အရေး ၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် သင်တန်းနှစ်များအလိုက် ထူးချွန်ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုဇော် - ဟသ်ာတ**

## မြဝတီမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာ၊ ပန်းချီ၊ ပုံပြောပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

မြဝတီ ဒီဇင်ဘာ ၁၅

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲကို မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနတွင် ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက ပြိုင်ပွဲများနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသက်ဦးနိုင်က လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများနှင့် မြဝတီမြို့နယ်ပန်းချီ၊ ပန်းပုအစည်းအရုံးမှ ဥက္ကဋ္ဌ ဦးကြည်စိုးက ပန်းချီဆိုင်ရာများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြဝတီမြို့နယ်ပန်းချီ၊ ပန်းပု အစည်းအရုံးမှ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စစ်သည်စာဆို မြဝတီမင်းကြီးဦးစ ပန်းချီကားအား ပေးအပ်လှူဒါန်းရာ အစည်းအရုံး ဥက္ကဋ္ဌဦးကြည်စိုးက ပေးအပ်ပြီး ခရိုင်ဦးစီးမှူး ဒေါ်မာမာရီက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကဗျာ၊ ပန်းချီနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ကျင်းပပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ခရိုင်ဦးစီးမှူး ဒေါ်မာမာရီ၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်း၊ မြို့နယ် ပန်းချီ/ပန်းပု အစည်းအရုံး ဥက္ကဋ္ဌဦးကြည်စိုးနှင့် ဒုတိယဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများနှင့် ဟောပြောပွဲကို မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြဝတီမြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ကဗျာပြိုင်ပွဲတွင် ၁၀ ဦး ပန်းချီပြိုင်ပွဲတွင် ၁၀ ဦးနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် ၁၀ ဦး စုစုပေါင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ



**ကျိုင်းတုံ ဒီဇင်ဘာ ၁၅**

၂၀၂၂ခုနှစ် (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရွှေတြိဂံ ဂေါက်ကလပ်၌ ကျင်းပသည်။

(၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း အားကစားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းပြည်နယ်အတွင်းမှ အားကစားသမားများ အချင်းချင်း ပိုမိုရင်းနှီးကျွမ်းဝင်လာစေရေးနှင့် ယဉ်ကျေးမှု ဓလေ့စရိုက်များ လေ့လာဖလှယ်နိုင်ရေးတို့ကို ရည်ရွယ်ပြီး ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၅၆ခုနှစ်မှစတင်ကာ Inter District Golf Tournament ဆိုသည့် ဖလားဖန်တီးပြီး တောင်ကြီးမြို့၊ ကျိုင်းတုံမြို့နှင့် လားရှိုးမြို့တို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်တစ်ဝန်းလုံးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို အမျိုးသားအသင်း ၄၆ သင်း၊ အမျိုးသမီးအသင်း ကိုးသင်းတို့မှ စုစုပေါင်း ၃၁၂ ဦး စိတ်ပါဝင်စားစွာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် ပြိုင်ပွဲဝင် အားကစားသမားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဦးစီးကော်မတီ နာယက ကျိုင်းတုံရွှေတြိဂံဂေါက်ကလပ် နာယက တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး၂၀၁၉ခုနှစ် ကမ္ဘောဇတံခွန်စိုက်ဖလားရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ်အသင်းက ပြိုင်ပွဲကျင်းပရေးသို့ ကမ္ဘောဇတံခွန်စိုက်ဖလားကို ပြန်လည်အပ်နှံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က ပြိုင်ပွဲကို Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကြောင်း သိရသည်။

အဆိုပါ (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၄၆ သင်း၊ အမျိုးသမီးကိုးသင်း စုစုပေါင်း ၅၅ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သနပ်ပင်မြို့၌ ဥပဒေနှင့်အညီနေထိုင်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် နှစ်ကြိမ်နှင့်အထက် ထပ်နေမှုများကို Cross Check ပြုလုပ်ထားရှိမှု ရှင်းလင်းပြောကြား



**သနပ်ပင် ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ဥပဒေနှင့်အညီနေထိုင်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် နှစ်ကြိမ်နှင့်အထက် ထပ်နေမှုများကို Cross Check ပြုလုပ်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးက သနပ်ပင်မြို့နယ်အတွင်းရှိ (နိုင်)ကတ်အထပ်များကို Cross Check ပြုလုပ်ထားသော စာရင်းများမှ မှန်ကန်စွာ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်တို့မှ ဝန်ထမ်းများ နိုင်ကတ်များ စစ်ဆေးပြင်ဆင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဌေးနှင့်ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ရပ်/ကျေး စာရေးများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၅ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၈၀ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၅ | ၂၀၆၀ | ၂၀၇၅ | ၁၉၇၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၁၅ | ၂၀၂၀ | ၂၂၃၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၀ | ၂၁၅၅ | ၂၀၅၅ | ၂၀၇၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၀၀ | ၂၃၂၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၅ | ၂၇၅၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၃၈ | ၁၉၀၈ |
| 95 Ron | ၁၉၁၇ | ၁၉၈၉ |
| HSD (500 ppm) | ၂၃၃၇ | ၂၄၁၄ |
| HSD (50 ppm) | ၂၄၁၁ | ၂၄၈၉ |
| HSD (10 ppm) | ၂၄၁၁ | ၂၄၈၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အတွေးမှား၊ အယူမှားပြီဆိုမှဖြင့်

## ဘကြီးကောင်း

**မောင်မြင့်အေးရေ ...**

လောကီကိစ္စတွေမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာနယ်ပယ်မှာပဲဖြစ်ဖြစ် အတွေးမှား၊ အယူမှားတွေဖြစ်တည်လာပြီဆိုမှဖြင့် လောကသားတွေအဖို့ ပစ္စုပ္ပန်၊ သံသရာနှစ်ရပ်စလုံး အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်စီးကုန်တော့တာပါပဲ။

အတွေးမှား၊ အယူမှားမှုတွေနဲ့ ပတ်သက်ပြီး သီတဂူဆရာတော်ကြီးက

"မိစ္ဆာသက်ပ္ပ ဂေါစရာ - မှားယွင်းတဲ့အကြံအစည်လျှင် ကျက်စားရာအာရုံရှိ၍ နေကြကုန်သော၊ ယေနရာ - အကြင်လူရော နတ်ပါ သတ္တဝါတို့သည်၊ အသာရေစ - အနှစ်အစိုင် အခိုင်အမာမရှိတဲ့တရား၌လည်းပဲ၊ သာရမတိနော- အနှစ်သာရရှိတယ်လို့ မှတ်ထင်ကြကုန်၏၊ သာရေစ - အနှစ်သာရရှိတဲ့ တရား၌ကား၊ အသာရဒဿိနော- အနှစ်သာရမရှိဘူးရယ်လို့မှတ်ထင်ကြကုန်၏။

တေ - ထိုအနှစ်ကို အကာထင်၊ အကာကို အနှစ်လို့ ပြောင်းပြန်မြင်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ မိစ္ဆာသက်ပ္ပ ဂေါစရာ - မှားယွင်းတဲ့အကြံအစည်လျှင် ကျက်စားရာ အာရုံရှိကြကုန်သည်ဖြစ်၍၊ သာရံ- တကယ့်အနှစ်စစ် အနှစ်မှန်ဆိုတဲ့ တရားကို၊ နာဓိဂစ္ဆန္တိ - လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိမရရှိနိုင်ကြလေကုန်သတည်း။

မိစ္ဆာသက်ပ္ပ - အကြံမှားတာ၊ အတွေးမှားတာ၊ အတွေးမှား၊ အကြံမှားတာကို မိစ္ဆာသက်ပ္ပလို့ခေါ်ပါတယ်။ အတွေးအကြံမှားသွားရင် အယူအဆပါ မှားသွားတတ်တယ်။ မှားယွင်းသွားတဲ့ အယူအဆများကို မိစ္ဆာဒဿနလို့ခေါ်ရတယ်။

ဒါကြောင့် အတွေးအကြံမှားတဲ့ ပုဂ္ဂိုလ်များဟာ အယူအဆပါမှားတတ်တယ်။ အယူဝါဒပါ မှားသွားတတ်တယ်။ စာလိုပြောရင် မိစ္ဆာသက်ပ္ပကြောင့် မိစ္ဆာဒဿနဖြစ်တတ်တယ်လို့ သဘောကျပြီးတော့ ထားပါ" စသည်ဖြင့် "ဘဝတန်ဖိုး" ဆိုတဲ့ ခေါင်းစဉ်နဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်များက ဟောကြားတော်မူခဲ့ပါတယ်။ တရားနာပရိသတ်တွေ နှစ်သက်သဘောကျလွန်းလို့ ဒီတရားတော်ကို စာအုပ်အဖြစ် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပါတယ်။

**ပစ္စုပ္ပန်၊ သံသရာ နှစ်ရပ်စလုံး**

မှန်ပါတယ်။ လူ့ဘုံလောကမှာ မိစ္ဆာသက်ပ္ပ၊ မိစ္ဆာဒဿနဆိုတဲ့ အတွေးမှား၊ အကြံမှား၊ အယူအဆမှားတွေကြောင့် အနှစ်ကို အကာထင်၊ အကာကို အနှစ်လို့ ပြောင်းပြန်မြင်ပြီး ပစ္စုပ္ပန်၊ သံသရာ နှစ်ရပ်စလုံး အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်စီးသွားကုန်ခဲ့ကြတဲ့ သာဓကတွေကလည်း အများအပြားပါပဲ။

လွန်ခဲ့တဲ့ ၁၆ ရာစု၊ ၁၇ ရာစုဝန်းကျင်က အိန္ဒိယပြည် ဆောဂါးကျွန်းမှာ လူအများဟာ နတ်ကွန်းရှေ့မှာ ဆိုင်းသံဗုံသံတွေနဲ့အတူ ဘုရားအာရုံယူပြီး ပင်လယ်ထဲကို အစုလိုက်၊ အပြုံလိုက်ခုန်ချကာ ငမန်းအစားခံကြသတဲ့။ ငမန်းတွေက မစားနိုင်တော့လို့ နှုတ်သီးနဲ့ ထိုးလှွတ်တဲ့အခါ ဘုရားသခင်က ငါ့ကိုခေါ်တော်မမူဆိုပြီး ဝမ်းနည်းပက်လက် ငိုကြွေးကြသတဲ့။

တစ်ခါ ဩရိဿနယ်မှာလည်း အိမ်လောက်မကကြီးမားတဲ့ "ဂျဂါနဉ့သ်" နတ်ကွန်းယာဉ်ကြီးကို လူပေါင်းရာချီ တွန်းဆွဲလာစဉ် ဘီးရှေ့မှာ အလျားမှောက်အသေခံခြင်း၊ သံဆူးချိတ်ကြီးတွေနဲ့ လည်ပတ်လျက်ရှိတဲ့ ဘီးကြီးကို ကျောနဲ့ပြေးကပ်အစူးခံပြီး သွေးသံရဲရဲနဲ့ ချာလပတ်ရမ်း လည်ကျအောင် အသေခံခြင်းဖြင့် ဘုရားသခင်ထံသွားသူတွေအကြောင်းကို ပေါ်တူဂီဘုန်းကြီး ဆီဘာရှိမန်ရစ်ဆိုသူက ရေးခဲ့ဖူးတယ်။

အိန္ဒိယပြည် ကောသမ္ဗီနယ်မှာလည်း ၁၇ ရာစုက ကောင်းကင်ဘုံ (ထာဝရ၊ ဗြဟ္မာ့ပြည်) သို့ တက်သော သစ်ပင်ကြီးတစ်ပင် ရှိခဲ့ဖူးသတဲ့။ လူအများဟာ Tree of Death ဆိုတဲ့ သေမင်းတမန် သစ်ပင်ကြီးပေါ်ကို ကြိတ်ကြိတ်တိုးမျှ တက်ကြပြီး ခုန်ချကြသတဲ့။ ကောင်းကင်ဘုံသွားသူတို့ရဲ့ အရိုးတွေ သစ်ပင်ကြီးအောက်မှာ စုပုံနေကြောင်း တရုတ်ရဟန်းတော်ဟီယွန်ဆင်က ကိုယ်တွေ့မျက်မြင် ရေးသားခဲ့ပါတယ်။

မှားယွင်းတဲ့အတွေးအခေါ်၊ အယူအဆတွေက အလွန်ကြောက်မက်ဖွယ် ကောင်းလှပါတယ်။ အသိဉာဏ်ပညာ အတွေးအခေါ် အယူအဆတွေ၊ ယဉ်ကျေးမှုတွေ တိုးတက်လာပြီဆိုတဲ့ ဒီဘက်ခေတ်ကာလတွေမှာလည်း ဒါမျိုးကိစ္စတွေက ရှိနေဆဲ၊ ဖြစ်ပျက်နေဆဲပါ။

**ဂျင်မ်ဂျုံးဂိုဏ်းဝင်ပေါင်း ၉၀၀ ခန့်**

၁၉၇၈ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့က ဂျင်မ်ဂျုံးဂိုဏ်းဝင်ပေါင်း ၉၀၀ ခန့်ဟာ တစ်ပြိုင်နက် အဆိပ်သောက်သေကြသတဲ့။ သူတို့က ကမ္ဘာကြီးပျက်တော့မယ်ဆိုတဲ့ အယူဝါဒကို လက်ကိုင်ထားကြသူတွေပါ။

❖ **အတွေးအကြံမှားတဲ့ ပုဂ္ဂိုလ်များဟာ အယူအဆပါမှားတတ်တယ်။ အယူဝါဒပါ မှားသွားတတ်တယ်။ စာလိုပြောရင် မိစ္ဆာသက်ပ္ပကြောင့် မိစ္ဆာဒဿနဖြစ်တတ်တယ်လို့ သဘောကျပြီးတော့ ထားပါ" စသည်ဖြင့် "ဘဝတန်ဖိုး" ဆိုတဲ့ ခေါင်းစဉ်နဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်များက ဟောကြားတော်မူခဲ့**

❖ **အမျိုးမျိုးအဖုံဖုံ ယူကြစွဲကြလေသမျှဟာ အတ္တဟူသော အယူအစွဲအပေါ်မှာ အခြေခံသည်ချည်းဖြစ်တယ်။ သည်မိစ္ဆာဒိဋ္ဌိဟာ 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍လည်းကောင်း တွေးကြံဖန်တီးတတ်တယ်။ ဆရာကောင်းထံ နည်းမခံခြင်း၊ အလွဲအမှားတရား ကြားနာမှတ်သားရခြင်းစတဲ့ အကြောင်းတရားတွေကြောင့်သာ ဖြစ်ပေါ်လာရ၏ စသည်ဖြင့် နာယူမှတ်သားရ**

၁၉၈၅ ခုနှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တောင်ပေါ်ကျေးရွာမှာ ဒေသခံမျိုးစု အကြီးအကဲတစ်ဦးက ဘုရားသခင်ကို တွေ့မြင်ရမယ်ဆိုတဲ့ အာမခံချက်အရ တိုင်းရင်းသားလူမျိုးစုထဲက လူ ၇၀ ခန့်ဟာ အစုလိုက် အပြုံလိုက်သေပွဲဝင်ခဲ့ကြတယ်။

သေပွဲဝင်ကြသူများဟာ ဒါဗိုပြည်နယ်ရှိ တောတောင်များမှာနေထိုင်ကြတဲ့ အာတာလူမျိုးစုအဖွဲ့ဝင်များဖြစ်ကြပါတယ်။ ဘုရားသခင်နဲ့ တွေ့ကိုတွေ့ရမယ်ဆိုတဲ့ အာမခံချက်နဲ့ လူမျိုးစုခေါင်းဆောင်နဲ့ ဘာသာရေးအကြီးအကဲဖြစ်သူက ပိုးသတ်ဆေးခတ်ထားတဲ့ ယာဂုကို တိုက်ကျွေးရာက အဲဒီလို အစုလိုက်အပြုံလိုက် အတုံးအရုံးသေဆုံးခဲ့ကြခြင်းဖြစ်ပါတယ်။ လူမျိုးစုအကြီးအကဲလည်း သေပွဲဝင်သူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။

မနီလာမြို့ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့်အကွာ ဒါဗိုပြည်နယ်ရှိ အခင်းဖြစ်ပွားရာ ဝုမီတန်ကျေးရွာဟာ တောအထပ်ထပ်၊ တောင်အထပ်ထပ်နဲ့ လမ်းပန်းဆက်သွယ်မှု ခက်ခဲတာကြောင့် မသေဘဲကျန်ရှိနေတဲ့ လူအချို့ကို ဆေးကုသရေးအဖွဲ့က တပ်မတော်ရဟတ်ယာဉ်တွေနဲ့ သွားရောက်ကုသပေးခဲ့ရပါတယ်။

၁၉၉၅ ခုနှစ်ကလည်း ဂျပန်နိုင်ငံမှာ ဘာသာရေးအစွန်းရောက်သူတို့ရဲ့ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူအချို့ အတုံးအရုံး သေဆုံးခဲ့ကြရပြန်ပါတယ်။

ဒီတစ်ခါမှာတော့ အစွန်းရောက်သူတွေဟာ သူတို့ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာမျိုး မဟုတ်ဘဲ တိုကျိုမြေအောက်ရထားမှာ Sarin Gas အဆိပ်ငွေ့တွေကို ထီးအချွန်နဲ့ ထိုးဖောက်ခွဲခဲ့လို့ အပြစ်မဲ့ပြည်သူအချို့ အဆိပ်သင့်သေဆုံးခဲ့ရခြင်းဖြစ်ပါတယ်။

မြန်မာတွေကတော့ အဆိုပါ ဘာသာရေး အစွန်းရောက်ဂိုဏ်းကို ဥုံဂိုဏ်းလို့ ခေါ်ခဲ့ကြပါတယ်။ အပြည့်အစုံကတော့ Aum Shinrikyo (ဥုံရှုရိန်ကျို) ဂိုဏ်းလို့ခေါ်ပြီး အဖွဲ့ခေါင်းဆောင်က ရှိုလိုအာဆာဟာရာ ဆိုသူဖြစ်ပါတယ်။ သူ့အယူဝါဒကလည်း အမေရိကန်က ဂျင်မ်ဂျုံးဂိုဏ်းလိုပဲ ကမ္ဘာကြီးပျက်တော့မယ်ပေ့ါ။ ကမ္ဘာကြီးပျက်ရင် သူတို့ ဥုံဂိုဏ်းဝင် လူကောင်းတွေပဲ ရှင်သန်ကျန်ရစ်မယ်ပေ့ါ။

**မောင်မြင့်အေးရေ ...**

မြတ်ဗုဒ္ဓနဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို နှစ်နှစ်ကာကာ ကိုးကွယ်ယုံကြည်ကြတဲ့ တို့ဗုဒ္ဓဘာသာဝင်တွေအဖို့ကတော့ ကံကောင်းတယ်လို့ ဆိုရမယ်။ အမျိုးမျိုးအဖုံဖုံသော အယူအစွဲတွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဗြဟ္မဇာလသုတ်နဲ့ ကာလာမသုတ်တွေကို သံဃာတော်အရှင်သူမြတ်များ ကျေးဇူးကြောင့် နာယူခွင့်ရခဲ့ကြတယ်။

**ဟုတ်တိုင်းမှန်စွာသိမြင်နိုင်သော သမ္မာဒိဋ္ဌိမဂ္ဂင်**

ဗြဟ္မဇာလသုတ်မှာ "အကျယ်အားဖြင့် ၆၂ ပါး တိတိရှိတဲ့ မိစ္ဆာဒိဋ္ဌိတို့ကို တစ်ပြုံလုံး အမြစ်ပြုတ်အောင် ပယ်သတ်နိုင်သောတရားကား ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တယ်။

အမျိုးမျိုးအဖုံဖုံ ယူကြစွဲကြလေသမျှဟာ အတ္တဟူသော အယူအစွဲအပေါ်မှာ အခြေခံသည်ချည်းဖြစ်တယ်။ သည်မိစ္ဆာဒိဋ္ဌိဟာ 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ'ဟူ၍ လည်းကောင်း တွေးကြံဖန်တီးတတ်တယ်။ ဆရာကောင်းထံ နည်းမခံခြင်း၊ အလွဲအမှားတရား ကြားနာမှတ်သားရခြင်းစတဲ့ အကြောင်းတရားတွေကြောင့်သာ ဖြစ်ပေါ်လာရ၏" စသည်ဖြင့် နာယူမှတ်သားရပါတယ်။

ကာလာမ သို့မဟုတ် ကေသမုတ္တိသုတ်မှာလည်း မြတ်စွာဘုရားရှင်က ကာလာမ အမျိုးသားတွေကို အမှန်တရားကို ရှာဖွေတဲ့အခါမှာ တစ်ဆင့်ကြားစကားနဲ့လည်း မရှာနဲ့။ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းကလုပ်လာတဲ့ Tradition ဆိုတဲ့ အစဉ်အလာနဲ့လည်း မရှာနဲ့။ လူပြောသူပြော ဒီလိုတဲ့ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ စာထဲမှာပါတယ် ဆိုတာနဲ့လည်း မရှာနဲ့၊ မဆုံးဖြတ်နဲ့။ အကြောင်းအကျိုးဆီလျော်အောင် တွေးတောဆင်ခြင်မှုဆိုတဲ့ တက္ကဗေဒ Logic နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ အနုမာန အတွေးအခေါ်မျိုးနဲ့လည်း မဆုံးဖြတ်နဲ့။ ကြောင်းကျိုးဆင်ခြင်တဲ့ နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ ငါ့အယူဝါဒနဲ့ ကိုက်ညီတယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ဖြစ်နိုင်တယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ တို့ဆရာပြောတဲ့စကားဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးတော့ ဆုံးဖြတ်ပါလို့ ဟောဖော်ညွှန်ပြဆိုဆုံးမခဲ့ပါတယ်။

**ဘယ်သူမှားလို့ ဘယ်သူမှန်**

ကာလာမသုတ္တန် စတင်ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းရင်းကလည်း စိတ်ဝင်စားစရာကောင်းသလို နှောင်းလူတို့အတွက်လည်း အကျိုးရှိပါတယ်။ ကေသမုတ္တမှာနေတဲ့ ကာလာမ အမျိုးသားတွေဟာ မြတ်စွာဘုရားရှင်နဲ့ တွေ့တဲ့အခါမှာ "အရှင်ဘုရား၊ တပည့်တော်တို့ ကေသမုတ္တမှာ သမဏ၊ ဗြဟ္မဏတွေ ရောက်ရောက်လာကြတယ် ဘုရား။ လာသမျှ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ဝါဒကောင်းကြောင်းပြောပြီး သူများဝါဒကိုရှုတ်ချ ပြောဆိုသွားကြတာချည်းပဲ။ နောက်တစ်စုကလာပြန်လည်း ဒီလိုပဲ။ ကိုယ့်ဝါဒ အကောင်းပြော ကိုယ့်ဟာ အမှန်ပြောပြီး သူများဝါဒကို ရှုတ်ချပစ်ပယ်သွားကြတယ်။ အဲဒီတော့ ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာ တပည့်တော်တို့မဝေခွဲနိုင်ဘူး ဘုရား" လို့ လျှောက်တင်ကြရာက အစပြုဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။

**မောင်မြင့်အေးရေ ...**

တို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအနေနဲ့လည်း လောကီ၊ လောကုတ္တရာအရေး ကိစ္စတွေမှာ အတွေးမှား၊ အယူမှားတွေ၊ ဝေခွဲမရ သံသယတွေ ကင်းစင်လွင့်ပျောက်ဖို့ဆိုရင် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူခဲ့တဲ့ ကာလာမသုတ် အနှစ်ချုပ် တရားတော်လာ ဆုံးမဩဝါဒအတိုင်း မိမိတို့ဘဝမှာ တကယ်ဆင်ခြင်စဉ်းစားရမှာက အပြစ်ရှိတဲ့အရာလား၊ အပြစ်မရှိတဲ့ အရာလား၊ အကုသိုလ်လား၊ ကုသိုလ်လား၊ ပညာရှိတွေ ကဲ့ရဲ့တဲ့အရာလား၊ ချီးမွမ်းတဲ့အရာလား၊ လက်တွေ့ကျင့်သုံးလို့ရှိရင် ကောင်းကျိုးချမ်းသာကို ပေးတတ်သလား၊ ဆင်းရဲဒုက္ခကို ပေးတတ်သလားဆိုတာတွေကို ဒီအတိုင်း အတာတွေနဲ့ ဆင်ခြင်သုံးသပ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကာ လက်တွေ့လိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။ ။

**ကျမ်းကိုး** - **ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ "ကာလာမသုတ် အနှစ်ချုပ်" ။**

- **ဓမ္မာစရိယ ဦးဌေးလှိုင်၏ "ဓမ္မဒူတ"။**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများရှိ Electric Vehicles (EV) နည်းပညာနှင့် ဆက်စပ်သည့် နယ်ပယ်များရှိ သင်ကြားရေးဆရာ ဆရာမများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက် EV မော်တော်ယာဉ် နည်းပညာများဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် "လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းဖွင့်ပွဲအခမ်းအနား" ကို ယနေ့ နံနက် ၉ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးက လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းနှင့်စပ်လျဉ်း၍ သင်ကြားဆောင်ရွက်မည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး စာတွေ့၊ လက်တွေ့ သင်ကြားမည့် အလုပ်ရုံရှိ Electric Vehicles နှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။




အဆိုပါသင်တန်းသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၁၃ ဦး၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ နှစ်ဦး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သုံးဦး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ခြောက်ဦး စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Theory of Automobile၊ EV Drive Structure၊ EI Rules and Regulation၊ Basic Electronic and Inverter/ Converter Technology၊ Sensor and Networking Technology နှင့် UN ECE R100 Regulation စသည့် သင်ခန်းစာအကြောင်းအရာများအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၂ ရက်အထိ ရက်သတ္တ လေးပတ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dances ပြိုင်ပွဲ သင်တန်းဆင်းပွဲကျင်းပ

မြိတ် ဒီဇင်ဘာ ၁၅

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dances ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ် ပင်မဆောင်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဝင်းသန်းက ယခုကဲ့သို့ Myanmar Fitness Dances သင်တန်းကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကြရာ ပထမဆုကို ဓာတုဗေဒဌာနအသင်းက လည်းကောင်း၊ ဒုတိယဆုကို အဏ္ဏဝါသိပ္ပံအသင်းက လည်းကောင်း၊ တတိယဆုကို ဒဿနိကဗေဒနှင့်အရှေ့တိုင်းပညာပူးပေါင်းအသင်းတို့က လည်းကောင်း အသီးသီးရရှိခဲ့ကြပြီး ဆုရအသင်းများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dance သင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၁၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၉၀ တက်ရောက်ခဲ့ကြကာ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ စိုးမိုးလွင်က ပြောကြားသည်။

**ကောင်းကောင်း(မြိတ်)**

■



# သံတွဲမြို့၌ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

သံတွဲ ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် သံတွဲမြို့၌ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်က ဖတ်ကြားသည်။ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အား ဂုဏ်ပြုသောအားဖြင့် သံတွဲဒေသဖွား စာရေးဆရာမောင်လွန်းကြင် (ကွယ်လွန်)နှင့် ကဗျာဆရာ မြင့်စိုးကြည်(သံတွဲ)တို့ ရေးသားသည့် "ကမ်းမြောင်ဒေသ၏ စုစည်းခြင်းလက္ခဏာ"သီချင်းအား သံတွဲမြို့ ရခိုင်ရိုးရာတေးနုယဉ်အဖွဲ့က ဂုဏ်ပြုသီဆိုခဲ့ကြသည်။

ထို့နောက် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဖျော်ဖြေတင်ဆက်သည့် ရခိုင်မင်္ဂလာစည်တော်အဖွဲ့၊ ရခိုင်ရိုးရာယိမ်းအဖွဲ့ တေးနုယဉ်အဖွဲ့တို့အား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးကြကာ ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချောင်းသာ၌ မြို့အုပ်ချုပ်ရေးမှူးဖလား သဲသောင်ပြင်အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲဖွင့်

ချောင်းသာ ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ မြို့အုပ်ချုပ်ရေးမှူးဖလား သဲသောင်ပြင် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက Azura ဟိုတယ်ရှေ့ ကမ်းခြေ သဲသောင်ပြင်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူးက ပြိုင်ပွဲအတွက် အားကစားပစ္စည်းများကို



ပေးအပ်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်က လက်ခံရယူခဲ့သည်။

သဲသောင်ပြင် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတွင် ဌာနဆိုင်ရာ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ ဟိုတယ်ဇုန်များပါဝင်သော အဖွဲ့များဖြင့် ဘောလုံးပြိုင်ပွဲတွင် ၁၀ သင်း၊ ဘော်လီဘောပြိုင်ပွဲတွင် ခြောက်သင်းတို့ဖြင့် ဒီဇင်ဘာ ၂၀ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

❂ **ကျောဖုံးမှ**

ပြင်သစ်အသင်းဟာ မော်ရိုကိုအသင်းနဲ့ ပွဲစဉ်မှာ ပွဲကစားချိန်ငါးမိနစ်မှာ ဟာနန်ဒက်ဇ်ရဲ့သွင်းဂိုးနဲ့ ၇၉ မိနစ်မှာ ကိုလိုမူအာနီရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဗိုလ်လုပွဲမှာ အာဂျင်တီးနားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခရိုအေးရှားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံအသင်းဖြစ်ပြီး ယခု ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့မယ်ဆိုပါက ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်တော့မှာဖြစ်သလို နည်းပြဒက်ချမ့်ဟာလည်း ကမ္ဘာ့ဖလား နှစ်ကြိမ်ဆက်ရယူပေးနိုင်တဲ့ပြင်သစ်အသင်းနည်းပြ ဖြစ်လာတော့မှာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ မော်ရိုကိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးခုနှစ်ကြိမ်မှာ လေးကြိမ်အထိ ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့တဲ့ အသင်းဖြစ်လာခဲ့ပြီး ၂၀၀၂ ခုနှစ်က ဘရာဇီးအသင်း ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်ကို နှစ်ကြိမ်ဆက်တက်ရောက်ခဲ့ပြီး နောက်ပိုင်း ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလား ဗိုလ်လုပွဲကို နှစ်ကြိမ်ဆက်တက်လှမ်းခွင့်ရရှိခဲ့တဲ့ ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ယခု ကာတာကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်ဟာ တောင်အမေရိကအသင်းတွေနဲ့ ဥရောပအသင်းတွေအကြား ၁၀ ကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး ယခင်တွေ့ဆုံမှုတွေမှာ တောင်အမေရိကအသင်းတွေကသာ အများဆုံး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိ တောင်အမေရိကအသင်းဖြစ်တဲ့ အာဂျင်တီးနားအသင်းနဲ့ ဥရောပအသင်းဖြစ်တဲ့ ပြင်သစ်အသင်းတို့ တွေ့ဆုံမယ့် ကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းက အနိုင်ရပြီး ဥရောပအသင်းတွေကို အများဆုံး အနိုင်ရရှိခဲ့တဲ့သမိုင်းကို ဆက်ထိန်းနိုင်မလား ပြင်သစ်အသင်းကပဲ အနိုင်ရရှိသွားမလားဆိုတာ ဒီဇင်ဘာ ၁၈ ရက်မှာ စောင့်ကြည့်ရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပဲခူးမြို့တွင် မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross–Check စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်



**ပဲခူး ဒီဇင်ဘာ ၁၅**

ပဲခူးမြို့တွင် မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross–Check စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေခြင်းကို ယနေ့ နံနက် ၉ နာရီက ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေ တာဝန်ခံ ဦးစိုးဦးက မဲစာရင်းမှန်ကန်စေရေး၊ မြေပြင်ရှိ လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့်၊ မှတ်ပုံတင် နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ထပ်နေသူများနှင့်စပ်လျဉ်း၍ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မဲစာရင်းမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်စာရင်းများကို Cross Check စစ်ဆေးခြင်းလုပ်ငန်း One Unit အတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦး၊ ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ကျေးစာရေးများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

**မိုးနဲ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ မိုးနဲမြို့အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ယနေ့နံနက် ၉ နာရီက လူငယ်စကားဝိုင်းကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာ



အထက်တန်းကျောင်း Grade – 11 မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသော မနန်းစိန်ညွန့်က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ငွေလင်းထက်က လူငယ်နှင့် ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မငွေနှင်းဖြူက လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ရဲမြတ်အောင်က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည် များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးတင်ပြခဲ့ကြသော ကျောင်းသား ကျောင်းသူလေးများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**




## ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်မှ ထွက်ခွာပြီး ရန်ကုန်မြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော် MICC–2 ၌ ကျင်းပသော ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် နေပြည်တော်ရှိ Park Royal Hotel မှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကာ ညနေပိုင်းတွင် ရန်ကုန်မြို့တွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အဖွဲ့သည် ရန်ကုန်မြို့ရှိ စိန်ဂျွန်း City Mall သို့သွားရောက်ဈေးဝယ်ကြပြီး ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၇ –၁၂ – ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၅၁) တွင် အေးချမ်းဆိတ်ငြိမ်ပြီး အန္တရာယ်ကင်းသော ကျေးလက်ဒေသကိုပဲ မက်မောသည်ဆိုသော တောကြွက်ကလေး စိစိအကြောင်း သရုပ်ဖော်ထားသည့် “ကြွက်ကလေး ကိကိနှင့် စိစိ” မျက်နှာဖုံးကာတွန်း၊ အပင်တစ်ပင်ရှိ အရေးကြီးအစိတ်အပိုင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “အပင်များ၏ အစိတ်အပိုင်း” သုတဆောင်ပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ”ကဏ္ဍ၊ မိဘပြောစကားကို မလိုက်နာမိရာက ဒုက္ခနှင့် ကြုံတွေ့ရသော ကျောင်းသူလေး ခင်သန့် အကြောင်း သရုပ်ဖော်ထားသည့် “ဖြိုးရဲ–အလှမက်သူလေး” နှစ်မျက်နှာကာတွန်း၊ နှစ်ရှည်လများ မကောင်းမှုအကုသိုလ်ကို ကျူးလွန်မိရာက နောက်ပိုင်းတွင် ထိုမကောင်းမှု အကုသိုလ်များကြောင့် လူသားစင်စစ်ဖြစ်သော်လည်း ပြိတ္တာကြီးပုံစံဖြင့် ကိုယ်ခန္ဓာတစ်ခုလုံး မီးကဲ့သို့ပူလောင်မှုကို ခံစားနေရသော လူသန်ကြီးအကြောင်း တင်ဆက်ထားသည့် “သမင်သားကြိုက်သူ လူ့ဘီလူးကြီး” ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့် မြေလွှာပျော့ပျောင်းသော ရာသီဥတုအချိန်တွင် သစ်ပင် ပန်းမန်များကို စိုးပျိုးတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော)၏ “စိုက်ပျိုးသစ်ပင် ရှင်စေချင်” ကဗျာ ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်




သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ MNL–2 မှ**

MNL–2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများကို မြန်မာနေရှင်နယ်လိဂ်က ဖိတ်ခေါ်ထားပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ တောင့်တင်းခိုင်မာစွာဖွဲ့စည်းတည်ထောင် ပြိုင်ပွဲဝင်နိုင်သည့် ကလပ်အသင်းများကို စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၂ ရာသီ MNL–2 (ပထမတန်း) ပြိုင်ပွဲတွင် တက္ကသိုလ်အသင်းက ချန်ပီယံဆုရရှိကာ Junior Lions (ခ) မြန်မာ ယူ–၁၉ အသင်းက ဒုတိယဆုရရှိခဲ့သည်။ Junior Lions (ခ) မြန်မာ ယူ–၁၉ အသင်းသည် ပြိုင်ပွဲဝင်စဉ်ကာလကတည်းက တန်းတက်ကစားမည်မဟုတ်ကြောင်း အတည်ပြုထားသလို ချန်ပီယံဖြစ်ထားသည့် တက္ကသိုလ်အသင်းမှာလည်း ပရော်ဖက်ရှင်နယ်စံနှုန်းများအတိုင်း ဆောင်ရွက်ရန် အခက်အခဲအချို့ရှိသဖြင့် တန်းတက်ကစားမည်မဟုတ်ရာ တတိယရရှိသည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် အဆင့် (၄) နေရာရရှိသည့် ကချင်ယူနိုက်တက်အသင်းတို့က လာမည့်ရာသီတွင် MNL သို့ တန်းတက်ခွင့်ရရှိခဲ့သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–သော်ကြီး**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၄-၁၂-၂၀၂၂ ရက်မှအဆက်

ထိုအတွင်းမှာပင် ကိုခင်မောင်ကြည်သည် ထိတ်လန့်တကြား ပြေးဝင်၍လာလေသည်။

သူ့လက်ထဲမှ စာတစ်စောင်ကိုလည်း မွန့်လက်ထဲသို့ အတင်းထိုးပေးရင်း တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။

'မ' တစ်ယောက် မရှိတော့ဘူး မွန်။ အန်တီ 'မ' ထွက်သွားပြီ။ ကျွန်တော် တစ်အိမ်လုံးအနှံ့ရှာပြီးပြီ။ နောက်ဆုံး သူ့အခန်းထဲက ဒီစာပဲတွေ့တော့တယ်။ 'မ' လေ အိမ်ကထွက်သွားပြီ အန်တီရဲ့။ ဘယ်လိုလုပ်ကြမလဲ'

ဒေါ်ခင်မျိုးသန့်သည် ဘာမှပြန်မပြောနိုင်တော့ချေ။ သူ့ရင်ကို လက်နှစ်ဖက်ဖြင့်ဖိရင်း ဘုရားတ၍ နေတော့သည်။ ပြီးမှ ဦးကျော်ဒင်ကို လှမ်း၍ခေါ်လိုက်လေသည်။

"ကျုပ်တို့တစ်မျိုးလုံး အရှက်ကွဲပါပြီတော့။ ကိုကျော်ဒင် ... ရှင့်သမီးလုပ်ပုံ ကောင်းသေးလား။ လူတွေထဲမှာ ကျုပ်မျက်နှာကို ဘယ်လိုပြရမလဲ... ဟင်၊ လုပ်ကြပါဦး"

ဦးကျော်ဒင်သည် အပေါက်ဝမှရပ်၍ ဘာမျှမပြောဘဲ ဒေါ်ခင်မျိုးသန့်ကိုသာ စိုက်ကြည့်နေသည်။

ဦးကျော်ဒင်၏မျက်နှာသည် ဝမ်းနည်းခြင်းအရိပ်အယောင်ဟူ၍ တစ်ချက်မျှမပြ။ နာကြည်းရွံ့မုန်းသောအကြည့်ဖြင့်သာ ဒေါ်ခင်မျိုးသန့်ကို စိုက်ကြည့်နေတော့သည်။

"မင်း ငိုစရာမလိုဘူးလို့ ငါထင်တယ်။ ကိုယ့်အပြစ်နဲ့ကိုယ်ဖြစ်ကြရတာ၊ မင်း ဘာမှငိုစရာမလိုဘူး"

ဦးကျော်ဒင်၏စကားကြောင့် ဒေါ်ခင်မျိုးသန့်သည် ဘုံဆောင့်၍နေတော့သည်။

"ကမ္ဘာမီးလောင်ရာ ဆီမီးခွက်က လာပြီးတောက်မနေစမ်းပါနဲ့။ ဒီအတိုင်း ကြည့်နေလို့ဖြစ်မလား။ စခန်းကို တယ်လီဖုန်းဆက်ပြီးတိုင်။ ပြီးတော့ ရှင့်စန္ဒရားဆရာအိမ်ကို လိုက်ရှာပြီး အမြန်ပြန်ခေါ်ပါ။ ဒီစန္ဒရားဆရာခေါ်လာလို့ ခုလို ဒုက္ခဖြစ်ရတာ"

"ဘယ်မှရှာစရာမလိုဘူး။ တိုင်စရာလည်းမလိုဘူး။ မင်းတို့နဲ့မတွေ့အောင် တမင်ထွက်ပြေးတာ။ မင်းတို့ရှာလို့ရောရမှာလား။ ပြီးတော့လည်း ငါ့သမီးကို ဒီတစ်ခါ အနှောင့်အယှက်မပေးလိုတော့ဘူး။ သူ့ဝတ္တရားကုန်ပြီလို့ ငါထင်တယ်။ တရားခံက ဘယ်မှရှာစရာမလိုဘူး။ မင်းကိုယ်မင်း မှန်ထဲမှာ ပြန်ရှာ"

"ဟင် ... ဒါဖြင့် ရှင်ကပါ အလိုတူအလိုပါပေါ့ ... ဟုတ်လား။ ကိုယ့်သမီးကိုတောင် ဖက်ခွက်စားသူတောင်းစားနဲ့ သဘောတူတယ်ပေါ့ ... ဟုတ်လား"

"ငါ့သမီးကိုချစ်တဲ့နေရာမှာ မင်းချစ်တာထက် အဆတစ်ရာလောက် ပိုလိမ့်မယ်။ ခုအစီအစဉ်ဟာ ဘယ်သူစီစဉ်တာလဲ။ မင်းတို့စီစဉ်တာမဟုတ်လား။ ဒီအစီအစဉ်ကို ငါမကျေနပ်ပေမယ့် ငါ့သမီးကလေး ညှိုးငယ်မှာစိုးလို့ ရေငုံနေခဲ့တယ်။ ခုတော့ ငါ ဖြေလို့ရပြီ။ ငါ့သမီးဟာ ဆင်းရဲချင်ဆင်းရဲပါစေ၊ သူမြတ်နိုးတဲ့သူနဲ့ နေရပြီ။ မဆုံစည်းသင့်တဲ့သူတွေနဲ့ လွတ်ကင်းသွားလို့ ငါ ကျေနပ်တယ်။ မင်းဆင်တဲ့ဇာတ်ဟာ ဘယ်လိုပရမ်းပတာဖြစ်နေတယ်ဆိုတာ သိချင်ရင် သမီးပေးသွားတဲ့စာကို ဖတ်ကြည့်ပေတော့။ ငါတော့ ဘာမှမပြောချင်တော့ဘူး။ မင်းတို့ ငါ့ကို လူနုံလူအကြီးလို လှည့်စားခဲ့သမျှဟာ သမီးရေးထားခဲ့တဲ့စာကို ဖတ်ကြည့်တော့မှ သိရတယ်။ ဒီစာကို ငါ အစောကြီးကတည်းက ဖတ်ရတယ်။ ဒါပေမဲ့ ငါ့သမီးဟာ ခုတစ်ကြိမ် သူမှန်တယ်ထင်သလို ဆုံးဖြတ်တာကို အနှောင့်အယှက်မဖြစ်စေချင်လို့ တမင်မပြောဘဲထားတာ။ ဒီကိစ္စမှာ ငါပါ အလိုတူအလိုပါလို့ပြောရင်လည်း ခံမယ်။ လူဆိုတာ အေးအေးဆေးဆေးနေချင်လို့ အရာရာ ဥပေက္ခာပြုပြီးနေမယ်လို့ဆိုလည်း ကိုယ်နေချင်တိုင်း ရတာမဟုတ်ဘူး။ ဒီတော့လည်း မှန်တဲ့ဘက်က ရပ်ရမှာပဲ။ ဒီကိစ္စမှာ ငါ့သမီးဘက်က ငါရပ်မယ်။ ရပ်တယ်ဆိုတဲ့နေရာမှာလည်း ဘာမှဝင်ပြီး စွက်ဖက်ဖို့မဟုတ်ဘူး။ သူ့ဟာသူ လွတ်ရာကျွတ်ရာသွားတာကို အသာတကြည် လွှတ်လိုက်ရုံပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှ ဘာတစ်ခုမှ ဝင်ပြီး မနှောင့်ယှက်ရဘူး။ ဒါ ငါဆုံးဖြတ်တဲ့တရားပဲ။ ဒီတရား ဖျောက်ဖျက်ရင်တော့ ငါသည်းမခံဘူး"

ဦးကျော်ဒင်သည် ဆို့နင့်သောအသံကြီးဖြင့် တစ်လုံးချင်းပြောလိုက်ပြီးလျှင် အပေါက်ဝမှ ချာခနဲ လှည့်ထွက်သွားလေသည်။

**"လောကမှာ ကိုယ်နဲ့နှိုင်းရင် မရိုင်းဘူးဆိုတဲ့ စကားကလေးကတော့ ခုအချိန်မှာ 'မ' အတွက် အသုံးဝင်တဲ့စကားကလေးပေါ့။ ခုအချိန်မှာ 'မ' ဟာ 'မ' ချစ်သူနောက်ကို လိုက်သွားတဲ့အချိန်ပဲ။ ကိုယ်ချစ်တဲ့သူဟာ အညတရပဲဖြစ်ဖြစ်၊ လမ်းဘေးက ကြမ်းပိုးတေလေပဲဖြစ်ဖြစ်၊ နောက်ဆုံး ဖက်ခွက်စား စန္ဒရားဆရာပဲဖြစ်ဖြစ် ချစ်သူကတော့ ချစ်သူပဲဆိုတာတော့ ရှင်းပြနေစရာတောင် မလိုဘူးမဟုတ်ဘူး မွန်။ ချစ်လို့သာ အရာရာကိုစွန့်လွှတ်ပြီး လိုက်သွားတာပေါ့။ အချစ်အတွက် စွန့်စားရတယ်ဆိုတာ မြတ်တဲ့အလုပ်တစ်ခုပါ . . . ။ ဒါပေမဲ့ မွန်တို့ဘက်ကကြည့်ရင် 'မ' ဟာ မွန်တို့ရဲ့ ဂုဏ်သိက္ခာကိုဖျက်ဆီးတဲ့ ညီမတစ်ယောက်ပေါ့။ ပြန့်ပြူးချောမွေ့တဲ့ ပိုးသားပြင်အပေါ်မှာ အမည်းကွက်ထင်အောင်လုပ်သွားတဲ့ 'မ' တစ်ယောက်ကိုဖြင့် . . ."**

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်ကို မကျေမချမ်းကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မည်သို့ပင် မကျေမချမ်းသော်လည်း ဦးကျော်ဒင်၏စကားကို မလွန်ဆန်ရဲအောင် ရှိလေသည်။

ယခုတစ်ကြိမ် ဦးကျော်ဒင်ပြောသောစကားမှာ မာကျောပြတ်သားလှသည်။

သူဆုံးဖြတ်သည့်အတိုင်း ထွက်လာသောစကားများကလည်း ခိုင်မာလှသည်။

တစ်သက်လုံး မျိုသိပ်အောင့်အည်းလာခဲ့သမျှ ခုတစ်ကြိမ် ပေါက်ကွဲထွက်ပေါ်လာခြင်းဖြစ်မည်။

ထို့ကြောင့်လည်း ဒေါ်ခင်မျိုးသန့်သည် ခါတိုင်းလို ဦးကျော်ဒင်ပြောသောစကားကို ဖောက်ဝင်၍ မပြောရဲချေ။

ဦးကျော်ဒင်ပြောသောစကားများ၏ အလွှမ်းမိုးကို ခံလိုက်ရသည်။ ဒေါ်ခင်မျိုးသန့်သာမဟုတ်၊ မွန်ကိုယ်တိုင် စာရွက်ကိုင်၍ ငိုင်နေမိသည်။

တစ်သက်နှင့်တစ်ကိုယ် မကြားခဲ့ရဖူးသော ဖခင်၏စကားကို ငေး၍ နားထောင်နေမိသည်။

မွန်သည် ဦးကျော်ဒင်ထွက်သွားမှ လက်ထဲမှစာကို ဖတ်ရန် သတိရလေတော့သည်။

မွန်သည် 'မ' ထံမှစာကို ဖွင့်၍ဖတ်လိုက်သည်။

မွန်ရေ ...

လောကမှာ ကိုယ်နဲ့နှိုင်းရင် မရိုင်းဘူးဆိုတဲ့ စကားကလေးကတော့ ခုအချိန်မှာ 'မ' အတွက် အသုံးဝင်တဲ့စကားကလေးပေါ့။

ခုအချိန်မှာ 'မ' ဟာ 'မ' ချစ်သူနောက်ကို လိုက်သွားတဲ့အချိန်ပဲ။ ကိုယ်ချစ်တဲ့သူဟာ အညတရပဲဖြစ်ဖြစ်၊ လမ်းဘေးက ကြမ်းပိုးတေလေပဲဖြစ်ဖြစ်၊ နောက်ဆုံး ဖက်ခွက်စား စန္ဒရားဆရာပဲဖြစ်ဖြစ် ချစ်သူကတော့ ချစ်သူပဲဆိုတာတော့ ရှင်းပြနေစရာတောင် မလိုဘူးမဟုတ်ဘူး မွန်။ ချစ်လို့သာ အရာရာကိုစွန့်လွှတ်ပြီး လိုက်သွားတာပေါ့။

အချစ်အတွက် စွန့်စားရတယ်ဆိုတာ မြတ်တဲ့အလုပ်တစ်ခုပါ ...။

ဒါပေမဲ့ မွန်တို့ဘက်ကကြည့်ရင် 'မ' ဟာ မွန်တို့ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးတဲ့ ညီမတစ်ယောက်ပေါ့။

ပြန့်ပြူးချောမွေ့တဲ့ ပိုးသားပြင်အပေါ်မှာ အမည်းကွက်ထင်အောင်လုပ်သွားတဲ့ 'မ' တစ်ယောက်ကို ဖြင့် မိန်းမမိုက်ကလေးရယ်လို့တွေးပြီး နာကြည်းနေမှာပေါ့။

ဒါကတော့ မွန်တို့ဘက်က တွေးခေါ်ဆုံးဖြတ်မယ့် တာဝန်ကို 'မ'ကြိုပြီး သိထားတာတွေပဲ။ 'မ' က ကြည့်ရင်တော့ ချစ်သူနောက်ကို လိုက်တာကလွဲလို့ ဘာမှအပြစ်မရှိဘူးလို့ထင်မိတယ်။

ကိုယ်ချစ်တဲ့သူနဲ့ မကွေကွင်းလိုတဲ့ဆန္ဒဆိုတာ လူတိုင်းမှာရှိကြမယ်မဟုတ်လား။

ဒါကတော့ ကိုယ်ချင်းစာတရားနဲ့တွေးရင်း အလွယ်ကလေး အဓိပ္ပာယ်ပေါက်နိုင်တာပေါ့။

'မ' တွေးခေါ်ဆုံးဖြတ်ပုံ မှားတယ်၊ မှန်တယ်ဆိုတာ မွန်ကိုယ်တိုင်စဉ်းစားကြည့်လေ။

စဉ်းစားကြည့်တယ်ဆိုတဲ့နေရာမှာ ဘေးလူအနေနဲ့ မစဉ်းစားပါနဲ့။ ကိုယ်တိုင် ကာယကံရှင်အနေနဲ့ စဉ်းစားကြည့်ရင် အမှန်ကန်ဆုံးသိနိုင်တာပေါ့။

'မ' နေရာ မွန်ကြည့်ပါ။ မွန်နဲ့ ဗစ်တာနဲ့ ပြဿနာကို တွေးကြည့်စမ်းပါ။

ဗစ်တာဟာ မွန့်ရဲ့ချစ်သူ၊ ဒီတော့ ဗစ်တာနဲ့ကွဲကွာရမယ်ဆိုရင် မွန်ဘယ်လိုခံစားရမလဲ။

ဗစ်တာဟာ အခု ဗစ်တာလိုမဟုတ်ဘဲ ဒါထက်နိမ့်ကျတဲ့ လူတစ်ယောက်လည်းဖြစ်မယ်၊ ဒီလိုလူမျိုးကို 'မ' တို့ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း မွန်နဲ့သဘောတူ ကြည်ဖြူပြီး ခွင့်မလွှတ်နိုင်ဘူးဆိုရင် မွန် ဘယ်လိုဆုံးဖြတ်မလဲ။

ချစ်သူကိုစွန့်မလား၊ ပတ်ဝန်းကျင်ကိုစွန့်မလား၊ ချစ်သူကိုစွန့်ရင် ပတ်ဝန်းကျင်ကတော့ အလွန်လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ ချီးကျူးကြပေမပေါ့။

ဒါပေမဲ့ ချစ်သူဘက်ကကြည့်ရင်တော့ အချစ်ကို တန်ဖိုးမထားဘူး၊ နှလုံးသားကို ဖောက်ပြားသူရယ်လို့ အပြစ်တင်မှာပေါ့။

ဒီလိုပါပဲ မွန်၊ ချစ်သူအတွက် သစ္စာကြီးလေးတော့လည်း ပတ်ဝန်းကျင်က မျိုးဂုဏ်ဖျက်သူ၊ မိဘမျက်နှာအိုးမည်းသုတ်သူ၊ ယောက်မမြင်းစီးထွက်သူရယ်လို့ ကဲ့ရဲ့ကြမှာပေါ့။

ဒါပေမဲ့ မေတ္တာနဲ့ သစ္စာတရားနောက်ကို လိုက်သူတွေကိုတော့ ဘယ်ဘက်ကကြည့်ကြည့် မိုက်မဲတယ်လို့ မယူဆသင့်ပါဘူး။

ဒါကတော့ 'မ' ဘက်က မြင်တဲ့အမြင်ပဲ။ မွန်တို့ဘက်ကတော့ ဒီလိုမြင်ချင်မှ မြင်မှာပဲနော်။ မမြင်ချင်တဲ့အရာကို အတင်းမြင်ရမယ်လို့ မတိုက်တွန်းကောင်းပါဘူး မွန်။

မွန် အပြစ်တင်ချင်လည်း တင်နိုင်ပါတယ်။ အမှားလို့ ဆုံးဖြတ်ချင်လည်း ဆုံးဖြတ်နိုင်ပါတယ်။ ဒါပေမဲ့ မွန့်ကို 'မ' သိတဲ့ကိစ္စတစ်ခုကိုတော့ 'မ' မပြောမပြီးလို့ ပြောပါရစေ။

အားလုံးကိုအလျှော့ပေးပြီး မိဘနဲ့ ညီအစ်မတွေရဲ့အလိုအတိုင်း ချစ်သူကိုစွန့်တော့မယ်လို့ 'မ' ဆုံးဖြတ်ခဲ့တယ်။ ဒီလိုဆုံးဖြတ်တာလည်း အထူးသဖြင့် ဖေဖေကြီးရဲ့ စိတ်ချမ်းသာမှုကို ဖြည့်စွမ်းချင်လို့ ချစ်သူကိုစွန့်လွှတ်ပြီး မင်းသဘောအတိုင်း အလျှော့ပေးလိုက်တာပဲ။

ဒါကြောင့် အားလုံးရဲ့အလိုကျ ကိုခင်မောင်ကြည်နဲ့ စေ့စပ်ရေးလည်း လက်ခံခဲ့တယ်။

ဒါပေမယ့် မွန်ရေ ... မမျှော်လင့်တဲ့အကြောင်း ပေါ်လာတယ်။ မွန်က ဒေါက်တာမကြီးဆိုတော့ မေ့မှာ ကိုဝန်သုံးလရှိတယ်ဆိုတာ စမ်းသပ်ကြည့်ရုံနဲ့ သိတာပေါ့။ ဒါပေမဲ့ ဒီသုံးလဟာ ဘယ်သူနဲ့ ဘယ်လိုဆိုတာတော့ မွန့်ရဲ့ ဆေးပညာနဲ့ စမ်းသပ်လို့မရနိုင်ပါဘူး။ 'မ' တစ်သက်မှာ ခုလိုထွက်သွားတဲ့ အပြုအမူမျိုးဟာဖြင့် အလွန်ကြီးမားတဲ့ အပြစ်ကြီးတစ်ခုလို့ မွန်တို့တွေးမှာပဲ။ ဒါကို 'မ' မငြင်းလိုပါဘူး။ ရှင်းလည်းမရှင်းလိုပါဘူး။

ဒါပေမဲ့ ဒီလိုသာထွက်မသွားရင် တစ်သက်နဲ့တစ်ကိုယ် စိတ်ကူးလို့တောင်မရဲတဲ့ပြစ်မှုကြီးကို ကျူးလွန်မိလျက်သား ဖြစ်နေမှာပဲ။

လောကမှာ ချစ်သူကို သစ္စာဖောက်တဲ့အပြစ်လောက် ကြီးမားတဲ့အပြစ်မရှိဘူးလို့ 'မ' ထင်တယ်။ အဲဒီအပြစ်လိုပဲ သူများအချစ်ကို ပျက်ပြားအောင် ဖျက်ဆီးတဲ့အပြစ်ဟာ အလွန်ကြီးမားတဲ့ ပြစ်မှုကြီးတစ်ခုပဲ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၁၀ ဘီလီယံနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ကိစ္စနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး ဒီဇင်ဘာ ၁၅



နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၁၀ ဘီလီယံနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သောစီးပွားရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လွှဲအပ်ပေးခဲ့သော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၁၀ ဘီလီယံဖြင့် ချင်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုတို့၏ အကျိုးစီးပွားတိုးတက်စေရေးအတွက် မည်ကဲ့သို့ သုံးစွဲ၍ အရင်းမပျောက်မတည်ရန်ပုံငွေဖြစ်သည့်အတွက် မည်ကဲ့သို့ ချေးငွေထုတ်ချေးပေးသင့်သည်ကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဖြစ်နိုင်သော လုပ်ငန်းများကို မဆောင်ရွက်ဘဲ အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မကြာမီတွင် ချေးငွေအမှန်တကယ် ထုတ်ချေးပေးမည်ဖြစ်၍ ပြည်နယ်/ခရိုင်/မြို့နယ်/ကျေးရွာကော်မတီများနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ချေးငွေထုတ်ချေးပေးသည့်အချိန်မှစ၍ ချေးငွေအပြေအကျေ ပြန်လည်ပေးဆပ်ပြီးသည်အထိ အားလုံးတွင် တာဝန်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ရှိပြီးဖြစ်သလို ချေးငွေသက်တမ်းကာလမှာလည်း လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားပြီးဖြစ်သဖြင့် ဒေသနှင့် ကိုက်ညီပြီး မြန်ဆန်စွာ အမှန်တကယ် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို စီမံဆောင်ရွက်ကြရန်လိုကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ချေးငွေနှင့်ပတ်သက်၍ အထက်ဌာန၏ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ချေးငွေအတိုးနှုန်းတွက်ချက်မှုများကို အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်တို့က ဖြည့်စွက်တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှူငွေကျပ် သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် သိန်း ၂၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သက်ကြီးစာပေပညာရှင် ၂၄၇ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ်၂၄၇၀၀၀၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၀ သိန်း၊ သတင်းထောက်ကြီးလွတ်လပ်ရေးမော်ကွန်းဝင်(တ) ဆရာကြီးဦးထူးအားရည်စူး၍ ရဲဦးစီးအရာရှိချုပ်(ငြိမ်း) ဦးတင်ဝင်း-ဒေါ်နီနီမိသားစုနှင့် ဦးအောင်စေသော်-ဒေါ်ဇာခြည်ဝင့်၊ သား-မောင်သာယာစေသော်မိသားစုတို့က အလှူငွေကျပ် ၅၀၀၀၀၀ စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် စာရေးဆရာအကြီးကိုကို(ကသာ)မိသားစုတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုနှင့် ဒေါက်တာနေဝင်း စိတ်ကျန်းမာရေးဖောင်ဒေးရှင်းတို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ စာရေးဆရာ ထင်လင်းကျော်၊ စာရေးဆရာမ မီမီကို(အလှရပ်ဝန်း)နှင့် ဒေါ်မေစန္ဒာ(မေပေရယ်မိုး)တို့က ငွေကျပ်၁၀၀၀၀၀ စီ၊ ဦးဝင်းကြည်(ဖေသောရီ)မိသားစု၊ တေးသံရှင်နှင်းနှင်းထူးနှင့် ဟင်္သာတ မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဒေါ်တင်တင်လတ်(မလတ်-ကျောက်မဲ)က ငွေကျပ် ၃၀၀၀၀၊ ဦးစံရှိန်(ဆရာကြီးရှိန်) မိသားစုက ငွေကျပ် ၁၀၀၀၀၊ သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်(ငြိမ်း) မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၂၃၀၀၀၀ တန်ဖိုးရှိ စာအုပ်များ၊ အဂ္ဂမဟာ မဂ်လဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-



စာရေးဆရာမ(မလေးယဉ်)မိသားစုက ငွေကျပ် ၈၆၄၅၀၀ တန်ဖိုးရှိစာအုပ်များနှင့် ဆရာမကြီး ဒေါ်ကြည်ကြည်စိန်(သဘာဝနက္ခတ်ပညာသင်တန်းကျောင်း)က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ပြက္ခဒိန်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်(စနေနေ့)၊ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အနုပညာ



အေးပြည့် - စုစည်းသည်

# ကြည့်ရှုသူ ၁ ဒသမ ၅ ဘီလီယံ ပြည့်ခဲ့ပြီဖြစ်တဲ့ DNA

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ DNA ရဲ့ ဗီဒီယိုဟာ ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုသူ ၁ ဒသမ ၅ ဘီလီယံ လတ်တလောမှာ ပြည့်ခဲ့ပြီဖြစ်တာကြောင့် အဖွဲ့အတွက် နောက်ထပ်မှတ်တိုင်သစ်တစ်ခု ထပ်မံစိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS အတွက် အဆိုပါ တေးဗီဒီယိုဟာ ကြည့်ရှုသူ ၁ ဒသမ ၅ ဘီလီယံပြည့်တဲ့ တတိယမြောက်ဗီဒီယိုဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်က ကြည့်ရှုသူအရေအတွက် ၁ ဒသမ ၅ ဘီလီယံ ပြည့်ခဲ့တာလည်း ဖြစ်ပါတယ်။ ယင်းဗီဒီယိုဟာ ၂၀၁၇ ခုနှစ်စက်တင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့အဖွဲ့ရဲ့ တေးအယ်လ်ဘမ် Love Yourself: Her မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။


MOEE YESC

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။






## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၆၁၇၊ အောင်သဇင်လမ်းသွယ်၊ ဧရိယာ (၀.၀၅၅) ဧကရှိ(အလျား ၄၀ပေxအနံ ၆၀ပေ)အနက်မှ ခေါင်းရင်းဘက်အခြမ်းရှိ(အလျား၂၀ပေx အနံ ၆၀ပေ)၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နော်ပိုင်စီကြိုင် [၁၂/မရက(နိုင်)၀၀၉၅၉၉]၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးတင့်လွင်[၁၂/မဂဒ(နိုင်)၁၂၈၉၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့ရက်တွင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စံကျော့ — အထက်တန်းရှေ့နေ (စဉ်-၄၅၇၈၃)
ဒေါ်ဖြိုးလဲ့လဲ့ခိုင် — အထက်တန်းရှေ့နေ (စဉ်-၅၃၉၈၂)

တိုက်-၂၁၊ အခန်း-၁၊ ဘ၀မြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်။
ဖုန်း-၀၉-၄၅၉၉၉၅၇၀၄



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊မြေကွက်အမှတ်-၁၆၄၆ မြေကွက်တည်နေရာအမှတ်(၁၆၄၆)၊(၁၅၀)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်အုန်းတင့်(၁၂/လမန(နိုင်)၀၄၄၂၇၀)(ဦးသန်းရွှေ-၈၆၄၇၁၁၊ ကွယ်လွန်၏ဇနီး)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်-ဒေါ်ခင်အုန်းတင့်(၁၂/လမန(နိုင်)၀၄၄၂၇၀)(ဦးသန်းရွှေ-၈၆၄၇၁၁)ကွယ်လွန်၏ဇနီး)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဒေါ်ဝင်းဝင်းမြင့်(၁၂/သကတ(နိုင်)၀၇၄၃၆၂)မှမြေချပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအားရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၏လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဆောင်ရွက်ပြီး၍နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)ခွင့်ပြုပြီးဂရန်ဝန်ဆောင်ခပေးသွင်းရန်အကြောင်းကြားခဲ့ရာလျှောက်ထားသူဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်းဦးမြစိန်မှဌာနဝင်စာ-၄၆၄၉/၂၆-၅-၂၀၂၂ဖြင့်၎င်း၏ဇနီးဒေါ်ဝင်းဝင်းမြင့်ကွယ်လွန်သဖြင့်(ခင်ပွန်း)ဦးမြစိန်(၆/ကစန(နိုင်)၀၁၁၂၁၈)မှအမွေဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်ဒေါ်ဝင်းဝင်းမြင့်၏(၂၇-၇-၂၀၂၁)ရက်နေ့စွဲပါသေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၅/၂၉၇၅/၂၀၂၂(၂၇-၅-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်နှင့်နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဦးမြစိန်(၆/ကစန(နိုင်)၀၁၁၂၁၈)မှနှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာဧရိယာ(၄၀'×၆၀')ရှိပြီးမြေကွက်လပ်ဖြစ်၍လျှောက်ထားသူ၏သားဖြစ်သူဦးသော်တာထွန်းမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးတင်ပြထားပါသဖြင့်ဦးမြစိန်၏နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

